မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၁၃၅)

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ အင်္ဂါနေ့။

ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်နေပါသည်။ တိုင်းရင်းသား ညီအစ်ကိုများအားလုံးကလည်း ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြ။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ဖွံ့ဖြိုးရန်အတွက် နိုင်ငံရေးတည်ငြိမ်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီးထာဝရငြိမ်းချမ်းရေးရရှိရန်မှာ အဓိကဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ်၊ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ-

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းညီအစ်ကိုများခင်ဗျား-

ယနေ့အချိန်အခါသည် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ ရင်ထဲတွင် ထာဝရသတိတရ ရှိနေရသည့် နေ့ထူးနေ့မြတ်ဖြစ်သော ပြည်ထောင်စုနေ့အချိန်အခါဖြစ်ပါသည်။ ဤကဲ့သို့ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နေ့ထူးနေ့မြတ်တွင် သွေးချင်းညီအစ်ကိုမောင်နှမအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲ၍ အတူတကွတည်ဆောက်ခဲ့သည့် နိုင်ငံတော်ကြီးဖြစ်ပေသည်။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက်လည်း အားလုံးဝိုင်းဝန်းကြိုးပမ်းခဲ့ကြပါသည်။

အတိတ်သမိုင်းတွင် မြန်မာမင်းအဆက်ဆက်တို့သည် အမိနိုင်ငံတော်တည်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့ကြပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးဆောင်လမ်းညွှန်ပေးခဲ့ကြပါသည်။ သို့အတွက်ကြောင့် အတိတ်က မြန်မာနိုင်ငံတော်ကြီးသည်လည်း စည်ပင်ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို တိုင်းရင်းသားညီအစ်ကိုများ အသိပင်ဖြစ်ပေသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရမည်ဖြစ်ပေသည်။

ကိုလိုနီနယ်ချဲ့တို့၏ တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် လွတ်လပ်ရေးရပြီးစမှစ၍ အမိနိုင်ငံတော်ကြီးအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တစ်ဦးနှင့်တစ်ဦး နားလည်မှုလွဲမှားကာ စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရပါသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုများခင်ဗျား-

ကိုလိုနီစနစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျွန်ပညာရေးစနစ်အကောင်အထည်ဖော်မှု၊ တိုင်းရင်းသားညီအစ်ကိုတို့အပေါ် မတရားကုပ်သွေးစုပ်ပြီး စိုးမိုးခြယ်လှယ်မှု၊ မြန်မာ့သယံဇာတတို့ကို မတရားရယူသိမ်းပိုက်မှု စသည့် ခါးသီးသော အတွေ့အကြုံတို့ကို မြန်မာတိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးနှစ်ပေါင်းများစွာ ခါးစည်းခံခဲ့ရပါသည်။

မျိုးချစ်စိတ်ဓာတ်ပြင်းထန်လှသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် အတူတကွလက်တွဲပြီး နယ်ချဲ့ကိုတွန်းလှန်တိုက်ခိုက်ခဲ့ကြပါသည်။ နယ်ချဲ့တို့ကလည်း မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသတို့ကိုခွဲခြားကာ တိုင်းရင်းသားအချင်းချင်းစိတ်ဝမ်းကွဲပြားအောင် နည်းအမျိုးမျိုးဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ပညာတတ် မျိုးချစ်လူငယ်တို့က ခေါင်းဆောင်ကာ မြန်မာ့တပ်မတော်ကိုဖွဲ့စည်းပြီး ဖက်ဆစ်အကူအညီရယူ၍ မြန်မာ့မြေပေါ်မှ ကိုလိုနီနယ်ချဲ့တို့ကို မောင်းထုတ်နိုင်ခဲ့ပါသည်။ သို့သော်လည်းဖက်ဆစ်တို့၏ရက်စက်ကြမ်းတမ်းစွာ ညှဉ်းပန်းနှိပ်စက်မှုကြောင့် မြန်မာတိုင်းရင်းသား ညီအစ်ကိုများအားလုံးက ဖက်ဆစ်တို့ကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်ခဲ့ရပြန်ပါသည်။

နယ်ချဲ့တို့ ပြန်လည်ဝင်ရောက်လာကြပြီး တောင်ပေါ်ဒေသကို ချန်လှပ်၍ ပြည်မကိုသာ လွတ်လပ်ရေးပေးလိုသည့်အတွက် အမိမြန်မာနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးသည့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုခေါင်းဆောင်များက ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံကို ကျင်းပကာ တိုင်းရင်းသားအားလုံး တညီတညွတ်တည်း လွတ်လပ်ရေးတောင်းဆိုကြမည်ဟု ကတိပြုလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုနေ့ကိုအစွဲပြု၍ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပပြုလုပ်လာခဲ့ရာ ယခုအခါ (၆၅)နှစ်ပြည့်မြောက်ပြီ ဖြစ်ပါသည်။ (၆၅) နှစ်မြောက် ဤနေ့ထူးနေ့မြတ်အချိန်အခါတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အမိမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အထူးအလေးထားပြီး တိုင်းရင်းသားတို့၏ အသည်းနှလုံးထဲတွင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ အစဉ်အမြဲကိန်းအောင်းနေဖို့ လိုအပ်လှပေသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုများခင်ဗျား-

လွတ်လပ်ရေးရပြီးနောက် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲတွေကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း သွေးကွဲခဲ့ကြပါသည်။ ပြည်တွင်း၌ တည်ငြိမ်အေးချမ်းမှုမရရှိခဲ့သည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့ရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးက လက်တွဲပါဝင် ဆောင်ရွက်သင့်သည်ကို အထူးသတိပြုသင့်ပေသည်။ ပြည်တွင်းပြည်ပ အဖျက်သမားတို့၏ အန္တရာယ်ကိုလည်း တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းကာကွယ်တားဆီးဖို့ လိုအပ်လှပေသည်။

ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု၊ ဖိနှိပ်သွေးစုပ်မှု၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးပျက်ပြားမှုစသည့် ခါးသီးသောအတွေ့အကြုံတို့ကို သင်ခန်းစာယူကာ တိုင်းရင်းသားအားလုံးက အမိမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာပြည်အနှံ့ တိုင်းရင်းသားညီအစ်ကိုတို့ နေထိုင်ရာဒေသအသီးသီးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေတွင် ဒီမိုကရေစီစနစ် ဆက်လက် ရှင်သန်ဖွံ့ဖြိုးရန်အတွက် နိုင်ငံရေးတည်ငြိမ်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်မှာ အဓိကလိုအပ်ချက်ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံး ပါဝင်လာနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်နေပါသည်။ တိုင်းရင်းသားညီအစ်ကိုများ အားလုံးကလည်း ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုများခင်ဗျား-

အစိုးရသစ်အနေဖြင့် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အား တောင့်တင်းရန်လိုအပ်သည်ဟု ခံယူထားပါသည်။ သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ရရှိပြီးဖြစ်သည့် အခြေခံကောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည်ကို တိုင်းရင်းသားညီအစ်ကိုများအသိပင် ဖြစ်ပေသည်။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးစည်းညီညွတ်စွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကြီးကို ဒီမိုကရေစီနည်းလမ်းကျစွာ တည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ॥

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ပင်လုံကျောက်တိုင်ကို ငွားငွားစွင့်စွင့် တွေ့မြင်ရစဉ်။

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စည်းလုံးညီညွတ်ကြမည်

ယနေ့သည် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့သည့် နေ့ဖြစ်သည်။ ယခုအခါ (၇၆)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမ သွေးချင်းများအားလုံး မေ့မရနိုင်သည့်နေ့ဖြစ်သည်။

မြန်မာနိုင်ငံ ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ချိန်တွင် နယ်ချဲ့တို့သည် ပြည်မနှင့် တောင်တန်း ခွဲခြားအုပ်ချုပ်၍ သွေးခွဲခဲ့ကြသည်။ တစုတစည်းတည်း နေထိုင်ခဲ့ကြသော တိုင်းရင်းသားတို့အကြား သွေးခွဲအုပ်ချုပ်ခြင်းကို နှစ်ပေါင်းများစွာ ခံခဲ့ကြရသည်။ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းရာတွင် ပြည်မနှင့် တောင်တန်းဒေသ အတူတကွရရှိရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးရရှိရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အဓိကလိုအပ်ချက်ဖြစ်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့၌ ညီလာခံကျင်းပကာ ပင်လုံစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ယနေ့မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ လျှောက်လှမ်းနေချိန်ဖြစ်သည်။ ယင်းသို့ လျှောက်လှမ်းချိန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးပေသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရေး ပြန်လည်သင့်မြတ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံအတွင်း နေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားမျိုးနွယ်စုများသည် တစ်နိုင်ငံတည်းတွင် အတူနေထိုင်ကြပြီး တစ်လှေတည်းစီး၊ တစ်ခရီးတည်းအတူ သွားနေကြသူများဖြစ်သည်။ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်သစ်တစ်ရပ် ထူထောင်ရန် တူညီသည့်ရည်မှန်းချက်များ ရှိကြပေသည်။ မတူကွဲပြား ခြားနားမှုများ၊ မတူသည့် အတွေးအခေါ်အယူအဆများ ရှိကြမည်ဖြစ်သော်လည်း နိုင်ငံအကျိုးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများကြောင့် အောင်မြင်မှုရလဒ်များလည်း ရရှိနေပြီဖြစ်သည်။

တိုင်းရင်းသားတို့နေထိုင်ရာ နယ်မြေဒေသသည် ရေမြေသယံဇာတ သဘာဝအရင်းအမြစ်များ မတူကွဲပြားသော်လည်း ဆူကြဲ့နိမ့်မြင့် ကွာဟမှုနည်းနိုင်သမျှ နည်းပါးစေရန် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အသီးသီးကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပေသည်။ တစ်နေရာနှင့်တစ်နေရာ ကူးလူးဆက်ဆံ ထိတွေ့မှုများလာသည်နှင့်အမျှ တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာပြီး အချင်းချင်း ချစ်ခင်ရင်းနှီးမှုခိုင်မြဲ၍ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရှင်သန်လာမည်ဖြစ်ပါသည်။

ခေတ်မီဖွံ့ဖြိုးသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ရန် ပြည်သူများ၏ အခန်းကဏ္ဍသည် အခြေခံကျပြီး နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာရန် အထူးလိုအပ်လှပေသည်။ နိုင်ငံရေးအင်အားသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်သည့်အလျောက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ပြီး တိုင်းပြည်ငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝလည်း တိုးတက်လာမည်ဖြစ်သည်။ သို့ဖြစ်၍ တိုင်းရင်းသားအားလုံးသည် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်သွားကြရမည်ဖြစ်သည်။

ဤမြေ၊ ဤရေပေါ်တွင် နေထိုင်သူအားလုံး ဤမြေကို သစ္စာရှိပြီး တိုင်းရင်းသားပြည်သူအားလုံးက စည်းလုံးညီညွတ်ခြင်း၊ ပူးပေါင်းပါဝင်ခြင်းတို့ဖြင့် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ လက်တွဲဆောင်ရွက်သွားကြပါက တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ထာဝရတည်ငြိမ်အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဂန့်ဂေါနှင့်မင်းဘူးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီတွင် ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိပြီး မြစ်သာရေလှောင်တမံ စီမံကိန်း ရေဝပ်ဧရိယာအတွင်း ကျရောက်သော ကျေးရွာများအတွက် မြို့ကွက်သစ် တည်ဆောက်ခြင်း လုပ်ငန်း၊ စီမံကိန်းဧရိယာအတွင်း တမံ၊ ရေပိုလွှဲနှင့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြစ်သာတမံအစည်းအဝေးခန်းမ၌ ပြောင်းရွှေ့ကျေးရွာများဖြစ်သော စင်ပုံ၊ စပယ်၊ ယင်းမာ၊ ပနန်းကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောင်းရွှေ့ကျေးရွာရှိ ပြည်သူများအတွက် အဆင့်မြင့်အိမ်ရာများ ဆောက်လုပ်ထားရှိမှု၊ လိုအပ်သောအုပ်ချုပ်မှုကိစ္စရပ်များ၊ စိုက်ပျိုးရေးအတွက် မြေယာများဖော်ထုတ်ပြီးစီးမှုနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များအား ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်း မြစ်သာမြစ်ပေါ်ရှိ မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ယခုအခါ တမံအကြိုတည်ဆောက်မှုလုပ်ငန်းများ ၉၅ ဒသမ ၉၂ ရာခိုင်နှုန်း၊ တမံတည်ဆောက်ခြင်းလုပ်ငန်းများ ၅၁ ဒသမ ၁၈ ရာခိုင်နှုန်း၊ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း ၃၀ ဒသမ ၁၈ ရာခိုင်နှုန်း၊ ကုန်းချောတမံတည်ဆောက်ခြင်းလုပ်ငန်း ၅၄ ဒသမ ၀၅ ရာခိုင်နှုန်း၊ ရေလွှဲမြောင်းတူးဖော်ခြင်းနှင့် တံတားတည်ဆောက်ခြင်း ၁၀၀ ရာခိုင်နှုန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း ၈၁ ဒသမ ၁၇ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း ၃၂ ဒသမ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး၏ ၅၅ ဒသမ ၀၃ ရာခိုင်နှုန်းပြီးစီးကာ လုပ်ငန်းစီမံချက်အတိုင်း ၂၀၁၅ ခုနှစ် မတ်လတွင် ပြီးစီးရေးအတွက် စက်ယန္တရားပေါင်း ၈၇၆ စီးနှင့် ဝန်ထမ်းအင်အား ၂၀၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းအနေဖြင့် မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၂၀၅ ပေ၊ တမံအလျားပေ ၃၀၀၅၀၊ ပင်မတမံပေ ၂၆၀၀၊ ကုန်းချောတမံတစ်ခုလျှင်ပေ ၂၇၄၅၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ပေ ၃၇၇၆၀၀၊ ကန်ရေပြည့်ရေပြင်အကျယ် ၅၇၈၈ ပေ၊ ရေလွှဲမြောင်း အလျားပေ၁၂၅၀၀၊ အကျယ်ပေ ၁၂၀×၆၀၊ ရေပိုလွှဲမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ ရေအားလျှပ်စစ် ၂၀ မဂ္ဂါဝပ်နှစ်လုံးဖြင့် နှစ်စဉ် ပျမ်းမျှလျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ထုတ်ယူနိုင်မည်ဖြစ်သည်။ ဆည်ရေပေးနိုင်မည့် ဧရိယာမှာ ဧက ၁၂၀၀၀ ဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ်လတွင် စီမံကိန်းပြီးစီးမည်ဖြစ်ကြောင်းသိရှိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပခုက္ကူ-ပေါက်-ဂန့်ဂေါလမ်း မိုင်တိုင်(၁၀၇/၃)နှင့် (၁၀၇/၄) အကြား အရှည်ပေ ၆၀ ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု၊ ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ်(၂၀)၌ အရှည်ပေ ၁၅၀ ရှိ ကြည်ချောင်းတံတားတည်ဆောက်ပြီးစီးမှု၊ မင်းဘူးခရိုင် မင်းဘူး-စလင်း-ဆင်ဖြူကျွန်း-တညောင်-ဆိပ်ဖြူလမ်းရှိ မိုင်တိုင်အမှတ်(၄/၅)၌ အရှည်ပေ ၂၅၀ ရှိ ဆင်ဖြူကျွန်းတံတား (နွယ်တမယ်) တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံချောင်းများ ထိုးထောင်ထွက်နေသည့် သံကူကွန်ကရစ်လမ်း

ထင်သာမြင်သာ ပြုပြင်စရာ

ခရီးသွားယာဉ်များ အသုံးပြုလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက်မှ အမှတ်(၄)ရပ်ကွက် လမ်းမကြီးသို့ ဆက်သွယ်သော အောင်ကြွေပြားစက်ရုံရှေ့ရှိ သာခုကန်စက်မှုဇုန်တွင် ခင်းထားသည့် သံကူကွန်ကရစ်လမ်းသည် ကွန်ကရစ်သားများ ကျိုးပဲ့ကြေမွ၍ သံချောင်းများ လမ်းမပေါ်သို့ ခြောက်ပေခန့် ပေါ်ထွက်ကာ ထိုးထိုးထောင်ထောင် ဖြစ်နေသည်ကို ပုံပါအတိုင်း ဖေဖော်ဝါရီ ၅ ရက်က တွေ့မြင်ရသည်။

များမကြာမီ အချိန်ကာလတွင် ရွှေပြည်သာမြို့နယ်၏ ကျက်သရေဆောင် သမိုင်းဝင် သာခုကန်ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပတော့မည်ဖြစ်ရာ အဆိုပါလမ်းကို အသုံးပြု၍ ရပ်ကွက်၊ ကျေးရွာအများမှ ဘုရားဖူးပြည်သူများသည် ယာဉ်ကြီး ယာဉ်ငယ် အမျိုးမျိုး၊ နွားလှည်း၊ မြင်းလှည်း၊ ဆိုက်ကား၊ စက်ဘီးတို့ဖြင့် အချိန်အခါမရွေး သွားရောက်ဖူးမြော်ကြတော့မည်ဖြစ်ပါသဖြင့် ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။ **(၁၆၆)**

စနစ်တကျ အမှိုက်ပစ်ရေး ပညာပေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အမှိုက်အစို၊ အခြောက် ခွဲခြားစွန့်ပစ်ရသည့် ရည်ရွယ်ချက်နှင့် ရေရှည်တွင် အမှိုက်စွန့်ပစ်ရေး ဆောင်ရွက်ရန် စီမံထားရှိမှုများ အကြောင်း၊ သတ်မှတ်အမှိုက်အိတ်များဖြင့် စွန့်ပစ်ခြင်းဖြင့် အကျိုးအပြစ်များဖြစ်ပေါ်ရခြင်း အခြေအနေများနှင့် မြို့တော်ကျန်းမာသန့်ရှင်း သာယာလှပစေနိုင်ရေးအတွက် ရည်ရွယ်ချက်များထားရှိကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းတို့ကို အင်းစိန်ဈေးရှိ ဈေးသူဈေးသားများနှင့် ပုံကျဈေးသည် ၂၀၀ ခန့်တို့အား ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယခရိုင်မှူး ဦးဘရင်၊ မြို့နယ် သန့်ရှင်းရေးတာဝန်ခံ ဦးကျော်မိုးလှိုင်နှင့် အင်းစိန်ဈေးတာဝန်ခံတို့က ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက အင်းစိန်ဈေးတာဝန်ခံရုံးတွင် အသိပညာပေးဟောပြောဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ဈေးသည်များအား လက်ကမ်းစာစောင်များဝေငှခြင်း၊ အမှိုက်အိတ်များရောင်းချပေးခြင်းနှင့် အမှိုက်အိတ်များကို ဈေးတာဝန်ခံရုံးနှင့် အမှိုက်ကားများတွင် အလွယ်တကူ ဝယ်ယူနိုင်ရန် စီစဉ်ထားရှိမှုများကို အသိပေးပြောကြားသည်။ သတ်မှတ် အမှိုက်အိတ်များဖြင့် စွန့်ပစ်ခြင်းမရှိပါက လက်ခံ သိမ်းဆည်းပေးတော့မည်မဟုတ်ကြောင်းသိရှိရသည်။ **(၁၆၃)**

တွန်းဇန်မြို့၌ စာပေဆွေးနွေးပွဲကျင်းပ

တွန်းဇန် ဖေဖော်ဝါရီ ၁၁

ပြည်သူများ စာပေဖတ်ရှုသည့် အလေ့အထများ ပိုမိုရရှိလာစေရေး၊ စာပေကို ဖတ်ရှုခြင်းအားဖြင့် လူမှုစီးပွားဘဝမြင့်မားလာပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းဇန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာပေဆွေးနွေးပွဲ (၁/၂၀၁၃)ကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီက တွန်းဇန်မြို့ရှိ စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တွန်းဇန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာပေဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့ပေါ်၊ ရပ်ကွက် စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် စာပေဝါသနာရှင်များက စာပေ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။ အခမ်းအနားသို့ စာပေဝါသနာရှင် ၂၀ ပါဝင်ဆွေးနွေးကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ဒီမိုကရေစီစနစ်သည် ပြည်သူကအုပ်ချုပ်သည့်စနစ်ဖြစ် အုပ်ချုပ်ရေးတွင် ပြည်သူတိုင်း ပါဝင်ခွင့်ရှိသည့်အတွက် ပညာတတ်ရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သီလဝခန်းမ၌ကျင်းပသည့် ရမည်းသင်းမြို့နယ် ဆင်းရဲနွမ်းပါး ပညာသင်ဆုငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးသစ်တောနှင့်သတ္တုဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယကက အမှာစကားပြောကြားရာ၌ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် ပညာရေးဖြင့်သာ တည်ဆောက်နိုင်ကြောင်း၊ သို့ဖြစ်၍ ယခုပညာသင်ဆုငွေပဒေသာပင်ကို ရမည်းသင်းမြို့နယ်မှ ဆင်းရဲနွမ်းပါးပြီးကျောင်းမနေနိုင်သည့်ကလေးများ ကျောင်းနေနိုင်ပြီး ပညာတတ်များဖြစ်စေရန် စိုက်ထူခြင်းဖြစ်ကြောင်း၊ ယခုစိုက်ထူသည့် ပညာသင်ဆု ငွေပဒေသာပင်ကို စည်းကမ်းစနစ်တကျနှင့် သမာသမတ်ကျစွာဖြင့် အမှန်တကယ်လိုအပ်သူများကိုသာ စိစစ်ရွေးချယ်ထောက်ပံ့ရန် လိုကြောင်း၊ ယခုချိန်တွင် မိမိတို့နိုင်ငံ၌ ဒီမိုကရေစီစနစ်ကျင့်သုံးနေပြီဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်သည် ပြည်သူကအုပ်ချုပ်သည့်စနစ်ဖြစ်သောကြောင့် ယင်းအုပ်ချုပ်ရေးတွင် ပြည်သူတိုင်း ပါဝင်ခွင့်ရှိသည့်အတွက် ပညာတတ်ရန်လိုကြောင်း၊ ပညာတတ်မှသာလျှင် နိုင်ငံတော်၏အာဏာသုံးရပ်ကို ကျင့်သုံးနေသည့်ပုဂ္ဂိုလ်များအား မှန်ကန်စွာရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပညာတတ်မှသာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာပြီး နားလည်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုဆင်းရဲနွမ်းပါး ပညာသင်ဆုငွေပဒေသာပင်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကထံ ဆင်းရဲနွမ်းပါး ပညာသင်ဆု ငွေပဒေသာပင်အတွက်

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မင်းနိုင်က မတည်ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ယခုပညာသင်ဆုကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ငွေပဒေသာပင် အုပ်ချုပ်မှုအဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့ကြေးများ ပေးအပ်ရမည့် ကျောင်းသား ကျောင်းသူများအား အုပ်ချုပ်ရေးအဖွဲ့ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ရွေးချယ်ရာတွင် အလယ်တန်း၊ အထက်တန်းအဆင့်တွင် ပညာသင်ကြားနေသူဖြစ်ရမည်၊ အစိုးရနှင့်အခြား ပညာသင်ထောက်ပံ့ကြေးရရှိသူ မဖြစ်စေရ၊ မိဘမဲ့၊ မိမစုံ ဖမစုံများနှင့် မသန်စွမ်းသူများ ဦးစားပေးရမည်၊ စာမေးပွဲကျရှုံးသူ မဖြစ်စေရ၊ ယခုထောက်ပံ့မှုမရရှိပါက ပညာသင်ကြားမှုရပ်ဆိုင်းရမည့်သူနှင့် ကျောင်းနေနိုင်သော်လည်း ချို့တဲ့လွန်းသူစသည့် အချက်များဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့နယ် ဆင်းရဲနွမ်းပါး ပညာသင်ဆုငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပျော်ဘွယ်-နတ်မောက်ရထားလမ်းပိုင်း မကြာမီဖွင့်လှစ်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပျော်ဘွယ်-နတ်မောက် ရထားလမ်းပိုင်းရှိ ရွာတော်ဘူတာမှ နတ်မောက်ဘူတာအထိ ဖောက်လုပ်ပြီးစီးနေသော ရထားလမ်းပိုင်းကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မကြာမီဖွင့် လှစ်တော့မည့် ပျော်ဘွယ်-နတ်မောက် ရထားလမ်းပိုင်းသည် ဒေသခံပြည်သူများအတွက် အရှေ့နှင့်အနောက် ဆက်သွယ်ပေးသည့်လမ်းဖြစ်ပြီး ခရီးသွားပြည်သူများ အဆင်ပြေသက်သာစွာဖြင့် သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုလည်း လွယ်ကူမြန်ဆန်လာရေးတို့ကို ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(မကွေး)သို့ သွားရောက်၍ ဝန်ထမ်းများ၊ ယာဉ်မောင်းသင်တန်းသားများနှင့် တွေ့ဆုံပြီး ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာနမှ တီထွင်ထုတ်လုပ်ထားသည့် သင်တန်းအထောက်အကူ ပစ္စည်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကွန်ကရစ်ဇလီဖားစက်ရုံ(မင်းဘူး)၊ ဧရာဝတီတံတား (မလွန်) ချဉ်းကပ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ တောင်တွင်းကြီး-နေပြည်တော် ရထားလမ်းပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းနှင့် ဘူတာများ၌ လုပ်ငန်းစွမ်းဆောင်မှုများကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပညာပေးပြခန်းများဖွင့်ပွဲ ပုသိမ်မြို့၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ ကန်သာယာကွင်း၌ ကျင်းပသည့် (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပညာပေးပြခန်းများဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃)နှင့် (၇)တို့တွင် ပါရှိသည့် ပြင်သစ်သံအမတ်ကြီးအမည်အား H.E. Mr. Thierry MATHOU ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



နိုင်ငံတကာသတင်း

ပါရှန်ပင်လယ်ကွေ့ အာရပ်နိုင်ငံများအဖွဲ့ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုစတင်

ကူဝိတ်စီးတီး ဖေဖော်ဝါရီ ၁၁

ပါရှန်ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီအဖွဲ့ဝင်များသည် ၎င်းတို့၏ မဟာဗျူဟာမြောက်သည့် ကာကွယ်ရေးပေါင်းစည်းမှုကို အကောင်အထည်ဖော်ရန် ကူဝိတ်နိုင်ငံတွင် ၁၇ ရက်ကြာ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကို စတင်ပြုလုပ်ပြီဖြစ်ကြောင်း ကူဝိတ်စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦး၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၁၁ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

စတင်ခဲ့

အဆိုပါ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၀ ရက်က စတင်ခဲ့ကြောင်း၊ ပါရှန်ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနိုင်ငံများ၏ မဟာဗျူဟာမြောက်သည့် ကာကွယ်ရေးပေါင်းစည်းမှုကို အထမြောက်အောင်မြင်ရန်နှင့် ပူးပေါင်းကာကွယ်မှု၏ သဘောထားအမြင်ကို ဖွင့်လှစ်ပေးရန်အတွက် ရည်ရွယ်ကြောင်း ကူဝိတ်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့အကြီးအကဲ ဗိုလ်မှူးချုပ် အဗ္ဗဒူလဇစ် ရေယပ်စ်က ပြောကြားခဲ့သည်။

ကြည်း၊ ရေနှင့် လေကြောင်းတပ်ဖွဲ့ဝင်များပါဝင်သည့် ယင်းစစ်ရေးလေ့ကျင့်မှုကို ၁၉၈၂ ခုနှစ်တွင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် နိုင်ငံခြောက်နိုင်ငံက ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင်အရေအတွက် မည်မျှပါဝင်သည်ကိုမူ ရေယပ်စ်က ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

မာလီနိုင်ငံရောက် ပြင်သစ်တပ်ဖွဲ့ဝင်များ စစ်ဆင်ရေးပြုလုပ်နေစဉ်။

မာလီနိုင်ငံမြောက်ပိုင်း၌ တိုက်ပွဲပြင်းထန်

ဂါအို ဖေဖော်ဝါရီ ၁၁

မာလီနိုင်ငံမြောက်ပိုင်း ဂါအိုမြို့ လမ်းများပေါ်တွင် မာလီအစိုးရတပ်များနှင့် အစ္စလာမ္မစ်သူပုန်တို့ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဖြစ်ပွားခဲ့

အဆိုပါတိုက်ပွဲသည် ဗဟိုရဲစခန်းမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းဖော်ပြသည်။ ၎င်းတိုက်ပွဲသည် အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးက မြို့မြောက်ဘက်စစ်ဆေးရေးဂိတ်အနီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ပြီး တစ်ရက်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းမြို့ကို လွန်ခဲ့သော သီတင်းနှစ်ပတ်ကျော်က ပြင်သစ်နှင့် မာလီတပ်များက ပြန်လည်သိမ်းယူခဲ့သည်။ အသေခံတိုက်ခိုက်မှုများကြောင့် လုံခြုံရေးတင်းကျပ်ထားသည်။ စစ်တပ်က စစ်ဆေးရေးဂိတ်အနီး အဆက်မပြတ်ကင်းလှည့်လျက်ရှိသည်။

မာလီတပ်များနှင့် အသေခံဗုံးခွဲ တိုက်ခိုက်မှုနှစ်ရပ်လုံးကို မူဂျာအိုလှုပ်ရှားမှုအဖွဲ့က တိုက်ခိုက်ခဲ့သည်။ **(ဘီဘီစီ)**

အိန္ဒိယကွမ်းမီလာပွဲတော်အတွင်း လူအုပ်တက်နင်းမိပြီး ၃၆ ဦးသေဆုံး

နယူးဒေလီ ဖေဖော်ဝါရီ ၁၁

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ရထားဘူတာသွားရာတစ်လျှောက်တွင် ဖေဖော်ဝါရီ ၁၀ ရက်က များပြားလှသော လူအုပ်ကြီးဖြစ်ပေါ်ကာ လူအုပ်တက်နင်းမိ၍ သေဆုံးသူ အနည်းဆုံး ၃၆ ဦးရှိပြီး ဒဏ်ရာရသူအများအပြားရှိခဲ့သည်ဟု အင်န်အိတ်ချ်ကေသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အဆိုပါမတော်တဆမှုသည် ဟိန္ဒူရိုးရာပွဲတော်ကြီး ကျင်းပရာနေရာဖြစ်သော အလာဟာဘတ်မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကွမ်းမီလာရေချိုးပွဲတော်သည် ၁၂ နှစ်တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီး ယခုပွဲတော်ကို ဇန်နဝါရီလလယ်က စတင်ခဲ့သည်။

အများဆုံး

လာရောက်သူဦးရေ သန်း ၃၀ ခန့်ရှိပြီး ပွဲတော်စတင်ကျင်းပခဲ့စဉ်ကတည်းက ယခုတစ်ကြိမ်သည် လူဦးရေအများဆုံးဖြစ်သည်။ အဆိုပါ လူအုပ်ကြီးသည် ဖေဖော်ဝါရီ ၁၀ ရက်က ဂင်္ဂါမြစ်ထဲတွင် ရေချိုးပြီးနောက် ပြန်သွားခဲ့ကြရာ မြစ်ဆိပ်မှအပြန် ဘူတာရုံအသွားလမ်းတွင် အဆိုပါ မတော်တဆမှု ဖြစ်ခဲ့ခြင်းဖြစ်သည်။

ပြောကြား

လုံခြုံရေးတာဝန်ရှိသူများက လူအုပ်ကြီးအား ရိုက်နှက်ရန် ကြိုးစားခဲ့ခြင်းမှ အဆိုပါမတော်တဆမှုဖြစ်ခဲ့ရသည်ဟု မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးအစီအမံများ မလုံလောက်၍ ဖြစ်ရသည်ဟု ဆိုကြသည်။ **(အင်န်အိတ်ချ်ကေ)**

ခရင်ဇ်အပျော်စီးသင်္ဘောသားငါးဦး လှေငယ်ပြုတ်ကျပြီး သေဆုံး

ကနေဒီကျွန်းစု ဖေဖော်ဝါရီ ၁၁

ကနေဒီကျွန်းစု ဆန်တာခရုဇ် ဒီလာပါးမားဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ခရုဇ်အပျော်စီးသင်္ဘောတွင် ချိတ်ဆွဲထားသော အပျော်စီးလှေပြုတ်ကျခဲ့သဖြင့် သင်္ဘောသားငါးဦး သေဆုံးခဲ့ရသည်။

သေဆုံးသူများတွင် အင်ဒိုနီးရှား သုံးဦး၊ ဖိလစ်ပိုင်တစ်ဦးနှင့် ဂါနာတစ်ဦးပါဝင်သည်။ အခြားသုံးဦးလည်း ထိခိုက်ဒဏ်ရာရရှိသွားသည်။ အပျော်စီးသင်္ဘောခရုဇ်ပေါ်မှ အပေါ့စားလှေတစ်စင်း မီတာ ၂၀ အမြင့်မှ ပင်လယ်ထဲ ပြုတ်ကျသွားခဲ့ခြင်းဖြစ်သည်။ ခရုဇ်အပျော်စီးသင်္ဘောသည် ဗြိတိန်အခြေစိုက်သောမတ်စ်ခရုဇ်ဆိုသူက ပိုင်ဆိုင်သည်။ **(ဘီဘီစီ)**

သိမ်းပိုက်နယ်မြေအတွင်း နေအိမ် ၃၄၆ လုံး အစ္စရေးတို့ တည်ဆောက်မည်

တဲလ်အဗစ် ဖေဖော်ဝါရီ ၁၁

အစ္စရေးတို့သည် နိုင်ငံတောင်ပိုင်းရှိ သိမ်းပိုက်ထားသည့်အနောက်ဘက်ကမ်းနယ်မြေသစ်နှစ်ခုတွင် နေအိမ်သစ် ၃၄၆လုံး ဆောက်လုပ်မှုကို သဘောတူပြီးဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါဆောက်လုပ်မည့် နေအိမ်သစ်များအနက် အလုံး ၂၀၀ ကို တီကိုယာနှင့် ၁၄၆ လုံးကို နော့စ်ဒင်နယ်မြေများတွင် ဆောက်သွားမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်ရေးရာဝန်ကြီးဌာနကထုတ်ပြန်သော အစီရင်ခံတစ်ရပ်ကို အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။ ယင်းနယ်မြေသစ်နှစ်ခုသည် ဂျေရုဆလင်တောင်ပိုင်း ဂွတ်ရှ်အက်ဇီယွန်စီးပွားရေးအုပ်စုအတွင်း တည်ရှိသည်။ ဂွတ်ရှ်အက်ဇီယွန်ရှိ အခြားနေရာ အစိတ်အပိုင်းတို့တွင် နေအိမ်သစ် ၅၂၃ လုံး ဆောက်လုပ်ရန်အတွက် စီမံကိန်းကို ပြီးခဲ့သည့် နှောင်းပိုင်းတွင် အစ္စရေးစစ်ဘက်ရေးရာဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

ပါလက်စတိုင်းတို့၏ နယ်မြေပိုင်နက်အတွင်းမှ အခြေချနေထိုင်သူများ ချက်ချင်းရုပ်သိမ်းပေးရန် ကုလသမဂ္ဂအနေဖြင့် မကြာသေးမီကာလက တဲလ်အဗစ်အစိုးရအပေါ် မေတ္တာရပ်ခံမှုကြောင့် သိမ်းပိုက်ထားသော နယ်မြေများအတွင်း နယ်မြေသစ်တိုးချဲ့မည့် အစ္စရေးတို့၏ နောက်ဆုံးစီမံကိန်း ထွက်ပေါ်လာခဲ့ကြောင်း၊ ၎င်းတို့၏ ကောက်ပဲသီးနှံစိုက်ခင်းများနှင့် နေအိမ်ခြံမြေများလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း အိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် ပါလက်စတိုင်းတို့က ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

ကမ္ဘာ့အကြီးဆုံးမိကျောင်းကြီး သေဆုံးသွားပြီ

မနီလာ ဖေဖော်ဝါရီ ၁၁

ဖိလစ်ပိုင်နိုင်ငံတွင် ဖမ်းဆီးရမိထားသော ကမ္ဘာ့အကြီးဆုံး မိကျောင်းကြီးသည် သေဆုံးသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အပေါ်ပုံ)**

အရှည် ခြောက်မီတာ၊ အလေးချိန် ကီလိုဂရမ် ၁၀၀၀ ကျော်ရှိ အဆိုပါ မိကျောင်းကြီးသည် ဝမ်းဗိုက်အနာတရဖြစ်ပြီး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။ ၎င်းမိကျောင်းကြီးသည် ၂၀၁၁ ခုနှစ် စက်တင်ဘာလက ဖမ်းယူစဉ် အနည်းဆုံး လူတစ်ဦးသေဆုံးခဲ့ရသည်ဟုဆိုသော်လည်း ၎င်းမိကျောင်းသည် ဥယျာဉ်တစ်ခုအတွင်း ခရီးသွားမြောက်မြားစွာကို ဆွဲဆောင်ခဲ့သည်။

ပြီးခဲ့သည့်နှစ်က ဖမ်းဆီးရမိသော မိကျောင်းများတွင် ကမ္ဘာ့အရှည်ဆုံးဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်းတင်ခဲ့သည်။ မိကျောင်းကြီးကို လိုလောင်းဟုအမည်ပေးခဲ့သည်။ ၎င်းကို လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရပြီး သီတင်းသုံးပတ်အကြာ ဘူနာဝမ်မြို့ ရေပိုင်နက်၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းမိကျောင်းကြီးသည် အရှည် ၆ ဒသမ ၄ မီတာ(၂၁ ပေ)ရှိပြီး အလေးချိန် ၁၀၇၅ ကီလိုဂရမ်ရှိသည်။ **(ဘီဘီစီ)**

နိုင်ငံတကာသတင်း

ခြိုးခြံချွေတာလာသည့် တရုတ်နှစ်သစ်ကူး

တိုး
ရေးသည်

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့သည် တရုတ်နှစ်သစ်ကူးနေ့ ဖြစ်သည်။ နှစ်သစ်ကူးပွဲတော်ကို ထိုနေ့က တရုတ်ပြည်တစ်နံတစ်လျား တွင် ပျော်ရွှင်စွာ ဆင်နွှဲကြသည်ကို တွေ့ရသကဲ့သို့ ကမ္ဘာအနှံ့ နိုင်ငံအများ အပြားတွင်လည်း ပြည်ပရောက် တရုတ်အမျိုးသားများသာမက သူတို့ ပတ်ဝန်းကျင်မှ ဒေသခံများကပါ တပျော်တပါး ပါဝင်ကြသည်ကိုလည်း တွေ့ရသည်။

တရုတ်နှစ်သစ်ကူးသမယသည် ကမ္ဘာတွင် ထင်ရှားသည့် နှစ်သစ်ကူးပွဲတစ်ရပ်ဖြစ်သည်။ နှစ်သစ်ကူး ခါနီးပြီဆိုလျှင် တရုတ်ဆိုင်းသံ ဗုံသံနှင့် နဂါးအကတို့က ပေါ်ထွက်လာစမြဲ။ နှစ်သစ်ကူးနေ့တွင် စားဖွယ်အစုံ အလင်ဖြင့် တည်ခင်းတတ်သည့် ဓလေ့မှာ အမှတ်ရစရာဖြစ်သည်။

တရုတ် နှစ်သစ်ကူးပြီဆိုလျှင် နှစ်သစ်မကူးမီ ကြိုတင်သိရသလို၊ နှစ်သစ်ကူးနေ့ဆိုလျှင် မိတ်ဆွေသင်္ဂဟ များအား ကျွေးမွေးသည့်ဓလေ့က မမေ့စရာ၊ နှစ်သစ်ကူးနေ့ ပြီးသည့်တိုင် တရုတ်ဆိုင်းသံ ဗုံသံနှင့် တရုတ်နဂါး အကတို့ကို ကြားသိမြင်တွေ့လေ့ရှိသည်။ ထို့ကြောင့် နှစ်သစ်ကူး အထိမ်းအမှတ်ပွဲသည် တစ်ပတ်၊ ၁၀ ရက်ကြာသည်။

သို့သော် အရာရာသည် ပြောင်းလဲလျက်ရှိသည်မှာ ဓမ္မတာပင်ဖြစ်ပါ၏။ တရုတ်ပြည်၏ အပြောင်းအလဲမှာ မကြာသေးပါ။ ဆိုလိုသည်မှာ တရုတ်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ရာထူးအပြောင်းအလဲ မှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ဖြစ်သည်။ ယခုအခါ တရုတ်ကွန်မြူနစ် ပါတီ အထွေထွေအတွင်းရေးမှူး တာဝန်ကို ထိုနေ့က ရယူလိုက်သူမှာ အသက် ၅၉ နှစ်ရှိ မစ္စတာ စီကျင်ပင်း ဖြစ်သည်။ သူသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ ဒုတိယသမ္မတ တာဝန် ကိုလည်း လောလောဆယ် ပူးတွဲရယူ ထားသူဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီ ဝါရင့် ခေါင်းဆောင်တစ်ဦး၏သားဖြစ်သော် လည်း သူ့ဘဝတွင် အခက်အခဲများကို ကျော်ဖြတ်ကာ အစမ်းသပ်ခံဘဝမှ တက်လာသူဖြစ်သည်။ အဂတိလိုက် စားမှုတိုက်ဖျက်ရေးတွင် ပြတ်သားသူ အဖြစ် ကျော်ကြားသည်။

သူ တရုတ်ကွန်မြူနစ်ပါတီအထွေ ထွေအတွင်းရေးမှူးတာဝန်ယူပြီး ရက် သတ္တနှစ်ပတ်အကြာတွင် ညွှန်ကြား ချက်များ ထွက်လာသည်။ နိုင်ငံ တစ်ဝန်းရှိ အစိုးရအရာရှိများထံ ရောက်ရှိလာသည့် ညွှန်ကြားချက် များတွင် မလိုအပ်ဘဲ ဇာချဲ့သည့် အဆောင်အယောင် အခမ်းအနားများ ကို မပြုလုပ်ရန် ပါရှိသည်။

ယင်းအခြေအနေအရ နှစ်သစ် ကူးအခါသမယတွင် အစိုးရအရာရှိ များ၏ အစီအစဉ်ဖြင့် ကြီးကျယ် ခမ်းနားသည့် ညစာစားပွဲအစီအစဉ် များလည်း တရုတ်နိုင်ငံ၌ ယခုနှစ် မတွေ့ရ။ ဟိုတယ်နှင့် ပျော်ပွဲစားရုံ လုပ်ငန်းရှင်များက ယခုနှစ်တွက်ခြေ မကိုက်ဟု ညည်းညူကြသည်။ ခေါင်း ဆောင်သစ်တက်လျှင် ယင်းသို့ဖြစ် တတ်သည်။ သို့သော် များစွာမကြာလှ၊ နောင်ဆိုလျှင် ယခင်အတိုင်းပြန်ဖြစ် တတ်သည်ဟု ဝေဖန်သူများလည်းရှိ သည်။

အိုင်အိုဝါတက္ကသိုလ်မှ နိုင်ငံရေး သိပ္ပံပါမောက္ခ ဝယ်ဖန်ဇန်ကမူ နောင် တော့် နောင်တော်ခေါင်းဆောင်များ နှင့် နှိုင်းစာလျှင် ခေါင်းဆောင်သစ် များသည် ပိုမိုခေတ်မီကြောင်း၊ ပိုမို ယုံကြည်မှုနှင့် ပိုမိုကြီးပွားချမ်းသာ လိုမှုကိုပြသသည့် လက္ခဏာရှိသည်။ အစည်းအဝေးလုပ်သည့်အခါ လက် တန်းပြောပြီး အစည်းအဝေးမြန်မြန် အဆုံးသတ်လိုကြသည်ဟု ဝေဖန် ထောက်ပြသည်။

တာဝန်ရှိသူများအနေဖြင့် ဝင့် ကြွားသည့် လက္ခဏာများပြသခြင်းကို ပါတီခေါင်းဆောင် မစ္စတာ စီကျင်ပင်း ကမကြိုက်၊ ခေါင်းဆောင်များ၏ လုပ် ငန်းခွင်ပုံစံပြောင်းလဲရန် ရည်ရွယ်သည့် လမ်းညွှန်ချက်များ ထုတ်ပြန်သည်။

၅၂လမ်းညွှန်ချက်များကို တရုတ် ကွန်မြူနစ်ပါတီ၏ ထိပ်ဆုံးမူဝါဒချမှတ် ပေးသည့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များ ကအစ လိုက်နာစေသည်။ ပြည်သူတွေ ကို တစ်စုံတစ်ရာလုပ်စေလိုလျှင် ကိုယ် ကိုယ်တိုင်က လုပ်ပြရမည်။ ပြည်သူ တွေကို တစ်စုံတစ်ရာမပြုလုပ်စေလို လျှင် ကိုယ်ကိုယ်တိုင်က ပထမဆုံးစံပြ အနေဖြင့် နေပြရမည်ဟူသော ဆောင် ပုဒ်ကို သူကလက်ကိုင်ထားသူဖြစ် သည်။

တရုတ်ကွန်မြူနစ်ပါတီ အထွေ ထွေအတွင်းရေးမှူး စီကျင်ပင်း၏ ဆန္ဒမှာ အစိုးရအပေါ် ပြည်သူတို့ ၏ ယုံကြည်မှု၊ ကိုးစားမှုပြန်လည် ရယူလိုသည့် လက္ခဏာပင်ဖြစ်သည် ဟု ဆန်းစစ်သူများက ဝေဖန်သည်။

မည်သို့ပင်ဖြစ်စေ ယခုနှစ် တရုတ်နှစ်သစ်ကူးကာလတွင် တရုတ် နိုင်ငံ၌ ယခင့်ယခင်နှစ်များကနှင့် နှိုင်း စာလျှင် အသုံးအဖြုန်းများ လျော့သွား သည်ဟု ဆိုရမည်။

၂၀၂၀ ပြည့်နှစ်အရောက်တွင် တရုတ်မြို့ပြနှင့် ကျေးလက်နေပြည် သူတို့၏ ပျမ်းမျှဝင်ငွေကို ၂၀၁၀ ပြည့်နှစ်ထက် နှစ်ဆတိုးရမည်ဟု တရုတ်အစိုးရက အာမခံထားသည်။ တရုတ်မြို့ကြီးများမှ အလုပ်သမားတို့ ၏ လုပ်ခလစာအနိမ့်ဆုံး မည်မျှရှိရ မည်ဟု လုပ်ခတိုးမြှင့်မည့်အစီအစဉ် လည်းရှိရာ ထို့ကြောင့်ပင် ယခုနှစ် နှစ်သစ်ကူးမှစ၍ တစ်ဖက်က ခြိုးခြံ ချွေတာနေခြင်း ဖြစ်နိုင်ပါသည်။

အဆိုတော်အဒဲလ် ဂရမ်မီဆုဆွတ်ခူး

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၁

(၅၅)ကြိမ်မြောက် ဂရမ်မီဆု ပေးပွဲကို လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပခဲ့ရာ ဗြိတိသျှနာမည်ကြီး အဆို တော်အဒဲလ်က Best Pop Solo Performance ဆုကို Set Fire to the Rain သီချင်းနှင့် ဆွတ်ခူးခဲ့သည်။

ယခုနှစ် ဂရမ်မီဆုပေးပွဲတွင် အဓိကဆုကြီးများကို Fun, Gotye နှင့် Munford & Son တို့က ဆွတ် ခူးခဲ့သည်။ တစ်နှစ်တာ အကောင်းဆုံး သီချင်းဆုကို Fun အဖွဲ့က We Are Young သီချင်းဖြင့် ဆွတ်ခူးခဲ့သည်။ နယူးယောက်အခြေစိုက် ၄င်းတီးဝိုင်း အဖွဲ့သည် အကောင်းဆုံး Best New Artist ဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုတော် Mumford & Sons အဖွဲ့

က Babel တေးအယ်လ်ဘမ်ဆု ဆွတ် ခူးခဲ့သည်။ Gotye တေးဂီတအဖွဲ့က Somebody That I Used To Know အယ်လ်ဘမ်ဖြင့် Record of The Year ဆုဆွတ်ခူးခဲ့သည်။ Best Pop Vocal အယ်လ်ဘမ်ဆုကို အဆိုတော် ကယ်လီ ကလပ်ဆင်က Stronger တေးအယ်လ်ဘမ်ဖြင့် ဆွတ်ခူးထား သည်။

အကောင်းဆုံး Rock သီချင်း ဆုကိုတော့ အဆိုတော် The Black Keys က Loely Boy ဖြင့် ဆွတ်ခူးခဲ့ ပြီး အကောင်းဆုံး R& B Performance ဆုကိုတော့ အဆိုတော် Usher က Climas သီချင်းဖြင့် ဆွတ်ခူးခဲ့သည်။ အကောင်းဆုံး Best K&B အယ်လ် ဘမ်ဆုကို အဆိုတော် Robert Glaster က Black Kadio ဖြင့် ဆွတ်ခူးခဲ့သည်။ အကောင်းဆုံး Best rap အယ်လ်ဘမ် ဆုကို အဆိုတော် Drke ကTake Care အယ်လ်ဘမ်ဖြင့် ဆွတ်ခူးခဲ့သည်။

အာကာကျော်-ရေးသည်

ပုပ်ရဟန်းမင်းကြီး နုတ်ထွက်ရန်ကြေညာ

ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ်သည် လုံးဝမျှော်လင့်မထားဘဲ ယခု လကုန်ပိုင်းတွင် နုတ်ထွက်တော့မည် ဖြစ်ကြောင်း ဗာတီကန်ရုံးက အတည် ပြု ပြောကြားသည်။ အသက် ၈၅ နှစ်ရှိ ဘင်နီဒစ်သည် ၂၀၀၅ ခုနှစ် ဧပြီလက ဂျွန်ပေါလ် ကွယ်လွန်ခဲ့ပြီးနောက် ပုပ်ရဟန်းမင်းကြီးဖြစ်လာခဲ့သည်။ ၄င်း နုတ်ထွက်ရသည့် အကြောင်းကိုမူ ဗာတီကန်ရုံးက ထုတ်ပြန်ခဲ့ခြင်းမရှိ ကြောင်း သိရသည်။

တောင်ဆူဒန်တိုက်ခိုက်မှု ၁၀၀ ကျော်သေဆုံး

တောင်ဆူဒန်နိုင်ငံ ဂျွန်လိုပြည်နယ်၌ လူတစ်စုနှင့် ယင်းတို့၏ ကျွဲနွားများ အား စစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၀၃ ဦးသေဆုံးခဲ့ရသည်။ ထိုသို့တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ကလေးနှင့် အမျိုးသမီးအများအပြား ပျောက် ဆုံးလျက်ရှိသည်။ ယင်းတို့၏ ကံကြမ္မာသည် မရေမရာဖြစ်နေသည်။ သေဆုံးမှု များတွင် စစ်သားများလည်း ပါဝင်သည်။ ၄င်းဖြစ်စဉ်အတွင်း လူပေါင်း ၅၀၀ နီးပါးပျောက်ဆုံးနေဆဲဖြစ်ကြောင်း တောင်ဆူဒန်စစ်တပ်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။ မကြာသေးသည့်လများက ယင်းပြည်နယ်၌ လူမျိုးစု အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့မှုကြောင့် လူ ၆၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂစာရင်းဇယား၌ ဖော်ပြသည်။

နေတိုးတပ်မှူး အပြောင်းအလဲဖြစ်

အမေရိကန်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ဒန်းဖို့ဒ်သည် အာဖဂန်နစ္စတန်နိုင်ငံရှိ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့နေတိုး၏ တပ်မှူးတာဝန်ကို လွှဲပြောင်း ယူလိုက်သည်။ အာဖဂန်မြို့တော် ကဘူးလ်မြို့ နေတိုးစစ်ဌာနချုပ်အခမ်းအနား တစ်ရပ် ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပစဉ် ဗိုလ်ချုပ်ကြီး ဂျွန်အာအောလင်းထံမှ နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အပံ့ တပ်အိုင်အက်စ်အေ အက်ဖ်အကြီးအကဲတာဝန်ကို ဒန်းဖို့ဒ်ကလွှဲပြောင်းရယူလိုက်ခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ကြီးဒန်းဖို့ဒ်သည် ၂၀၁၄ ခုနှစ်အကုန် နိုင်ငံခြားတပ်များ ရုပ်သိမ်း ရေးတာဝန်ကိုလည်း ထမ်းဆောင်ရမည်ဖြစ်သည်။ ၁၁ နှစ်ကြာပြီးနောက် အာဖဂန်မြေမှ နိုင်ငံခြားတပ်များဆုတ်ခွာပေးရမည် ဖြစ်သည်။ သို့သော်လည်း အမေရိကန်ကျောထောက်နောက်ခံပြု တပ်ဖွဲ့ဝင်အဖွဲ့ ဆက်လက်ကျန်ရစ် မည်ဟုဆိုသည်။

အမေရိကန်၌ နှင်းမုန်တိုင်းကြောင့် ဓာတ်အားပြတ်

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသ၌ နှင်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီး နောက် ထောင်ရာချီသော အိမ်နှင့် စီးပွားရေးလုပ်ငန်းများ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရကြောင်း ဖေဖော်ဝါရီ ၁၁ ရက်က ပရက်စ်တီဗွီသတင်း၌ ဖော်ပြ သည်။ ၄င်းနှင်းမုန်တိုင်းသည် ဖေဖော်ဝါရီ ၈ ရက်က စတင်တိုက်ခတ်ခဲ့ရာဆီးနှင်း ထုသုံးပေနီးပါးမြင့်တက်လာခဲ့သည်။ နေအိမ်ပေါင်း ၂၁၉၀၀၀ လုံး လျှပ်စစ် မီးမရဘဲ ဖြစ်ခဲ့ရသည်။ မန်ဆာချူးဆက်ပြည်နယ်သည် အဆိုးရွားဆုံးဖြစ်သည်။

၄င်းနှင်းမုန်တိုင်းကြောင့် အမေရိကန်၌ ၁၁ ဦးနှင့် ကနေဒါ၌ လေးဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဘော်စတွန်မှ ၁၁ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးလည်း မောင်းနေသော ကားအတွင်း အနွေး ဓာတ်ရအောင် ကြိုးစားနေထိုင်ခြင်းဖြင့် ကာဗွန်မိုနောက်ဆိုက်အဆိပ်မိပြီး သေဆုံးခဲ့ရသည်။ ရာပေါင်းများစွာသော ယာဉ်မောင်းသူများ ယင်းတို့၏ ကား များကို ပစ်ထားပြီး ထွက်ပြေးကြရသည်။

မြင့်မောင်စိုး-ရေးသားသည်

သတ္တုဆိပ်များ ဖယ်ရှားပေးနိုင်မည့် အပင်မျိုးစိတ်များအား ပြင်သစ်သိပ္ပံပညာရှင်များ တွေ့ရှိခဲ့

မြတ်မွန်ထွေး-ရေးသားသည်

ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ စိန့် လော့ရင့်လီမိုင်းနီးယား သတ္တုတူးဖော် ရေးလုပ်ငန်းသည် ရောမခေတ် ကတည်းကပင် အစပျိုးခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် နောက်ဆုံးရပ်တန့်ခဲ့သော သတ္တုတွင်းဖြစ်သည်။ အဆိုပါနေရာ တွင်ဇင့်၊ ခဲနှင့် ကက်မီယမ်ပါဝင်နှုန်းမှာ ဥရောပနိုင်ငံများ၏ သတ်မှတ်စံနှုန်း များထက် ကျော်လွန်ကာ အဆ ၅၀၀ နှင့် ၈၅၀ အကြားထိ ရှိနေသည်။ သတ္တု တူးဖော်ရေးလုပ်ငန်းများနှင့် သတ္တုအသုံးပြုရသည့် လုပ်ငန်းများ သည် မြေဆီလွှာအား ပျက်စီးစေ သကဲ့သို့ အားပြင်းသော သတ္တုများ သည် မြေဆီလွှာကို အလွန်ကြီးမား သော အန္တရာယ်ကိုလည်းပေးပြီး ဇီဝ နည်းဖြင့် ပြန်လည်ကောင်းမွန်နိုင်စွမ်း လည်းမရှိချေ။ အဆိုပါသတ္တုတူးဖော် ရေးလုပ်ငန်းနေရာတွင် စိုက်ပျိုးရေး မလုပ်ကိုင်ရန် တားမြစ်ထားသည်။ သို့သော်လည်း ၄င်းနေရာရှိ လေထုနှင့် မိုးရေထဲတွင် အဆိပ်ရှိ အမှုန်များ ပါဝင်နေသဖြင့် စိုက်ပျိုး၍လည်း မရ နိုင်ပေ။

သို့ရာတွင် ထိုသို့သောသာမန် အပင်များ မပေါက်ရောက်နိုင်သော နေရာမျိုး၌ ၄င်းဒေသပေါက် အပင် မျိုးစိတ်သုံးမျိုးကမူ ပေါက်ရောက်

ရှင်သန်နေကြသည်။ အဆိုပါအပင် များသည် ၄င်းတို့၏ အမြစ်များမှ တစ်ဆင့် အဆိပ်များကိုစုပ်ယူကြပြီး အရွက်ထဲရှိ အစာသိုလှောင်ဆဲလ် များထဲတွင် သိုလှောင်ထားနိုင်စွမ်း ရှိကြသည်။ ဈေးကွက်ဝင်စိုက်ခင်း များတွင် တွေ့ရလေ့ရှိပြီး သေသေ ချာချာစိုက်ပျိုးထားသော ဆလတ် ပင်ပေါက်များနှင့် တူသည်။ ပြင်သစ် နိုင်ငံတောင်ပိုင်း နွေဦးရာသီ၏ နေ ရောင်ခြည်အောက်တွင် အဖြူရောင်၊ အဝါရောင်နှင့် မရမ်းစေ့ရောင်အပွင့် များ ပွင့်လေ့ရှိသည်။ ယင်းအပင်များ သည် အလှစိုက်ပန်းမဟုတ်သကဲ့သို့ စားသုံးရန်မှာလည်း မသင့်တော်သော အပင်အမျိုးအစားများသာ ဖြစ်သည်။ သတ္တုဆိပ်များဖြင့် ပြည့်ဝနေပြီး သီးနှံ စိုက်ပျိုး မဖြစ်ထွန်းသော ရွံ့စေးမြေများ တွင် ၄င်းအပင်များက ပေါက်ရောက် ကြီးထွားကြပေသည်။

ထို့ကြောင့် မောင့်ပယ်လီယာ တက္ကသိုလ်မှ သိပ္ပံပညာရှင်များက သတ္တုလုပ်ငန်းကြောင့် ညစ်ညမ်းနေ သော မြေဆီလွှာအား ပြန်လည်သန့် စင်မှုပြုလုပ်ရေး နည်းလမ်းအတွက် အဆိုပါအပင်များအား အသုံးချရန် စိတ်ကူးထားကြသည်။

ပြီးခဲ့သော နွေရာသီကာလက သုတေသနပညာရှင်အဖွဲ့သည် မောင့် ပယ်လီယာတက္ကသိုလ်ရှိ ဖန်လုံအိမ် စိုက်ခင်းတွင် စိုက်ပျိုးထားသော ၄င်းမျိုးစိတ်အပင်ပေါက် ၇၀၀၀ကို ပြောင်းရွှေ့စိုက်ပျိုးခဲ့ကြပြီး ဖြစ်သည်။ ဆောင်းဦးရာသီကမူ မြေပြင်တွင် တိုက်ရိုက်စိုက်ပျိုးမှုများဖြင့် စမ်းသပ် စိုက်ပျိုးခဲ့ကြသည်။ လာမည့်တစ်နှစ် ကျော်ကျော်တွင်မူ ဒေသတစ်ခုလုံးကို စိုက်ပျိုးမှု ပြုလုပ်နိုင်မည်ဟု မျှော်မှန်း ထားကြသည်။

“ကျွန်တော်တို့ နှစ် ၅၀ ကျော် လောက်တော့ အချိန်ယူရပါမယ်။ ဒီနောက်မှသာ အဲဒီသတ္တုဆိပ်တွေကို အပြီးတိုင် လုံးဝဖယ်ရှားပစ်နိုင်မှာပါ” ဟု သုတေသီအဖွဲ့ဝင် ဂရက်ဆန်က အတည်ပြုပြောကြားခဲ့သည်။

ဆောင်းပါး

မောရှမ်းမြေမှ ကျေးလက်လူမှုစီးပွားဘဝ မြင့်တင်ရေးလုပ်ငန်းများ

မောင်မောင်သန်း(ကော့မှူး)

နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်အညီ လုပ်ငန်းများပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်လာသည့်အတွက် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပုဂ္ဂလိကပူးပေါင်းပါဝင်မှုဖြင့် တိုးမြှင့်ဆောင်ရွက်လာနေပြီ ဖြစ်ပေသည်။

နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်နေထိုင်သည့် ကျေးရွာပေါင်း ၆၀၀၀၀ကျော်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ၏ ထောင်စုနှစ်ရည်မှန်းချက်အရ ဆင်းရဲမှုနှုန်း ၁၆ ရာခိုင်နှုန်းအထိ လက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့် စံပြအိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းတို့အတွက် ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေများခွင့်ပြုခဲ့သည်။ အဆိုပါ ခွင့်ပြုငွေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတို့တွင်ဒါစနစ်ဖြင့် ကုမ္ပဏီများ စိစစ်ရွေးချယ်ကာ လုပ်ငန်းအပ်နှံပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်မှ ဒေသခံအချို့၏ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထင်သာမြင်သာ ပူးပေါင်းပါဝင်မှုများ ရှိကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ခု ကုန်း၊ ဂန့်၊ ကုန်းလှကျေးရွာချင်းဆက် မြေသားလမ်း အရှည် ၄ မိုင် ၄ ဖာလုံအပါအဝင်ဖြစ်သည်။ ယင်းလမ်းပေါ်ရှိ ဒေသခံများသည် နေ့စဉ်နှင့်အမျှ လူသွားလမ်းမှ ခြေကျင်ခရီးဖြင့် သွားလာနေရပြီး ဆိုင်ကယ်ဖြင့်သွားပါကလည်း တောင်အတက်အဆင်းများကြောင့် ခက်ခက်ခဲခဲတွန်းတစ်ခါ၊ စီးတစ်လှည့်သွားနေရခြင်းမှ ယခုမြေသားလမ်း ဖောက်လုပ်ပြီးစီးပါက ထော်လာဂျီ၊ ကား၊ ဆိုင်ကယ်တို့ဖြင့် လွယ်လင့်တကူ အချိန်တိုအတွင်း သွားလာနိုင်တော့မည် ဖြစ်သည်။အဆိုပါ မြေသားလမ်း စတင်ဖောက်လုပ်ချိန်မှစ၍ စက်ထိုးရာတွင် ထွက်ပေါ်လာသော သစ်ကိုင်း၊ သစ်မြစ်၊ သစ်ဥများ၊ အမှိုက်သရိုက်များ ဖယ်ရှား

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို ဖွဲ့စည်းခဲ့ပြီး ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့် စံပြအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေများ ခွင့်ပြုခဲ့သည်။

ကျဆင်းရေးအတွက် အဓိကလုပ်ငန်းစဉ် ဖြစ်လေသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို ဖွဲ့စည်းခဲ့ပြီး ကျေး ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေပါ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ လမ်း၊ တံတား၊ ရေပေးရေး လုပ်ငန်းများကို K.Z.E.N ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ကလောမြို့နယ် ဘုရားဖြူ လေသာ ရှင်းလင်းခြင်းကို ဘုရားဖြူကျေးရွာကျောင်းထိုင်ဆရာတော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ကိုယ်တိုင် ဦးဆောင်၍ ရွာသူရွာသားများ စိတ်အားထက်သန်စွာ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းသည် ဘုရားဖြူကျေးရွာ (အိမ်ခြေ ၅၀၊ လူဦးရေ ၂၅၀)၊ လေသာကုန်းကျေးရွာ (အိမ်ခြေ ၆၀၊ လူဦးရေ ၂၃၀)၊ ဂန့်ကျေးရွာ (အိမ်ခြေ ၁၀၀၊ လူဦးရေ ၄၅၀)၊ ကုန်းလှကျေးရွာ (အိမ်ခြေ ၂၀၀၊ လူဦးရေ ၁၂၀၀)တို့အား ဖြတ်သန်း၍ ကလောမြို့သို့ ဆက်သွယ်ဖောက်လုပ်သည့်လမ်းဖြစ်ပြီး ကျေးရွာလယ်ယာထွက်ကုန် ပစ္စည်းများကို အချိန်၊ စရိတ်သက်သာစွာဖြင့် ကလောမြို့သို့ ပို့ဆောင်နိုင်မည်ဖြစ်သည့်အပြင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများလည်း ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်း ကတ္တရာလမ်း (၃၀/၀)မိုင်၊ ကျောက်လမ်း (၂၆/၀)မိုင်၊ မြေသားလမ်း(၅၀/၀)မိုင်၊ သစ်သားတံတား ၂၆ စင်း ပေ ၇၀၀၊ ရေပြွန် ၃၈ ခု ပေ ၂၆၀၊ ရေပေးရေးလုပ်ငန်း ၃၀ ခု ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် နိုင်ငံအဝန်း ကျေးလက်နေပြည်သူများ၏ လူမှုလယ်ယာစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် တစ်ဖက်မှလည်း တစ်တပ်တစ်အား ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

ဖြူစင်မေတ္တာလူမှုကူညီရေးအသင်း ပြည်သူများအား ကူညီထောက်ပံ့

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သတင်း-စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဈေးပတ်လမ်း(တနင်္ဂနွေ)ဆွမ်းလောင်းဓမ္မာရုံ၌ ယာယီဖွင့်လှစ်ထားသော ဖြူစင်မေတ္တာလူမှုကူညီရေးအသင်း၏ တစ်နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါအသင်းအဖွဲ့ကြီးကို (၈)ရပ်ကွက်သူ ရပ်ကွက်သားများ၏ စေတနာ၊ ကရုဏာ၊ အနစ်နာခံမှုတို့ဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် အသင်းကြီးကို စတင်ဖွဲ့စည်း တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အသင်းကြီးသည် ယခုအခါ အသင်းဝင် ၂၂၃၂ ဦးဖြင့် ဖွဲ့စည်းထားပြီး အသင်းဝင်တစ်ဦးလျှင် တစ်လ ငွေကျပ် ၁၀၀၀ မှ မိမိတို့ စေတနာရှိသလောက် ထည့်ဝင်နိုင်သည်ဟု သိရသည်။ တစ်လကို အသင်း၏ဝင်ငွေ စုစုပေါင်းငွေကျပ် ၂၃ သိန်းနှင့် ၂၄ သိန်းဝန်းကျင်အထိ ရရှိကြောင်း သိရသည်။

အသင်းကြီး၏ ပြည်သူများအတွက် လုပ်ဆောင်ပေးမှုနှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌ ဦးသောင်းတင်က ပြောပြရာတွင် "ဒီနှစ်အတွင်းမှာ အသင်းအနေနဲ့ နာရေး ၁၃၂ ဦးကို ကူညီထောက်ပံ့မှုတွေ ပေးခဲ့ပါတယ်။ အသင်း စတင်ဖွဲ့စည်းတုန်းကတော့ ရပ်ကွက်အတွင်း၌ နာရေးဖြစ်လျှင် မဏ္ဍပ်၊ စားပွဲ၊ ကုလားထိုင်နဲ့ ကူညီထောက်ပံ့ငွေကျပ် ၅၀၀၀၀ သာ ပေးနိုင်ခဲ့ပါတယ်။ ယခုအခါ စားပွဲ၊ ကုလားထိုင်အပြင် လိုက်ပါပို့ဆောင်ပေးသူများအတွက် ကားသုံးစီး၊ ခန်းမစရိတ်၊ ခန်းမတွင်းထိုင်ခုံစရိတ် စတာတွေအပြင် နာရေးကူညီမှုစရိတ်အနေဖြင့် ငွေကျပ် ၁၁၇၀၀၀ အထိ ကူညီထောက်ပံ့ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီ(၈)ရပ်ကွက်ကြီးဟာ အိမ်ထောင်စု ၂၅၇၀ ရှိပြီးတော့ အသင်းဝင်ဦးရေဟာလည်း နှစ်သောင်းကျော်အထိ တိုးမြင့်လာခဲ့ပါတယ်။ အခြားရပ်ကွက်တွေကလည်း ကျွန်တော်တို့အသင်းကြီးကို လာရောက်အသင်းဝင်ကြပါတယ်" ဟု ရှင်းပြခဲ့သည်။

ဖြူစင်မေတ္တာအသင်းက အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

အဆိုပါ အသင်းကြီးသည် ရပ်ကွက်အတွင်းရှိ ချို့တဲ့ကျောင်းသားကျောင်းသူ ၁၂၅ ဦးကိုလည်း ကျောင်းအပ်နှံပေးသည့်အပြင် စာအုပ်၊ စာတမ်းများကိုလည်း ကူညီထောက်ပံ့မှုများပြုလုပ်ပေးခဲ့သည်။ ထို့အပြင် မိုးတွင်းကာလက မိုးရေကြီးမှုကြောင့် ပျက်စီးသွားခဲ့သော အိမ်ထောင်စု ၃၇ စုကိုလည်း အမိုး၊ အကာတို့ကို ဝယ်ယူပေးခဲ့သည့်အပြင် တစ်အိမ်ထောင်လျှင် ဆန်ငါးပြည်နှုန်းဖြင့်လည်း ကူညီပေးခဲ့ကြောင်း သိရသည်။

"ဒီလိုအသင်းမျိုး ရပ်ကွက်တိုင်းလိုလိုရှိသင့်ပါတယ်။ ရပ်ကွက်၊ ကျေးရွာတိုင်း ပြေလည်တဲ့သူရှိသလို မပြေလည်တဲ့သူအတွက်ကျတော့ နာရေးတစ်ခုဖြစ်ရင် တကယ်မလွယ်ကူဘူးလေ၊ အခုခေတ်က ဘာပဲဖြစ်ဖြစ် စရိတ်စက အရမ်းကြီးတာ။ ဒါကြောင့်မို့ ဒီလိုလူမှုကူညီရေး အသင်းမျိုးကတော့ ဘယ်မှာပဲဖြစ်ဖြစ် ရှိသင့်ပါတယ်"ဟု(၈)ရပ်ကွက်မှ အဘွားဒေါ်ခင်ရီက သူ၏အမြင်ကို ဖွင့်ဟခဲ့သည်။

အဆိုပါအသင်းကြီး၏ နှစ်ပတ်လည်အခမ်းအနားတွင် ရပ်ကွက်နေပြည်သူများအတွက် ကံစမ်းမဲ အစီအစဉ်အနေဖြင့် ရွှေဆွဲကြိုး သုံးမတ်သားကျော်(အထူးဆု)အပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၃ သိန်းကျော်ဖိုးကိုလည်း မဲနှိုက်၍ ပျော်ရွှင်ပွဲပြုလုပ်ပေးခဲ့သည်။ ထို့အပြင် ငွေကျပ် ၅၀၀၀၀နှင့်အထက် လှူဒါန်းသော အလှူရှင်များကိုလည်း အဆိုပါ နှစ်ပတ်လည်ပွဲ၌ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ ဖြူစင်မေတ္တာ လူမှုကူညီရေးအသင်းကြီးသည် မကြာမီတွင် ရပ်ကွက်အတွင်း၌ အရေးပေါ်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အခမဲ့ဆေးခန်းတစ်ခုကိုလည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုနေ့ ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နေပြည်တော် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ကမ်းလက်များပရဟိတအဖွဲ့ (နေပြည်တော်)က (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးရှိ ရောဂါရှာဖွေရေးဌာန သွေးလှူဘဏ်၌ သွေးအလှူရှင် ၂၅ ဦးက သွေးလှူဒါန်းကြသည်။

ကမ်းလက်များ ပရဟိတအဖွဲ့(နေပြည်တော်) ဖုန်း-၀၉-၈၆၀၀၁၃၄၊ ၀၉-၄၃၀၁၆၆၇၀၊ အမေ့ရိပ်သွေးလှူရှင်အသင်း ဖုန်း-၀၉-၄၉၃၄၁၁၇၇၊ စေတနာရှင် သွေးလှူရှင်အသင်း ဖုန်း-၀၉-၄၉၂၀၁၁၄၆၊ ပုညကာရီလူမှုရေးအသင်း ဖုန်း-၀၆၇-၅၅၀၀၂၈၊ ပျဉ်းမနားသွေးလှူရှင်အသင်း ဖုန်း-၀၉-၄၀၁၅၇၀၁၅၉နှင့် မြတ်ပါရမီ လူမှုရေးအသင်း ဖုန်း-၀၉-၄၉၂၀၇၁၀၀၆၇ တို့ထံ အရေးပေါ်သွေးအလှူရှင်လိုအပ်ပါက ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ပေါက်စ)

ဟာရိတဓါ် စာအုပ်လောက
(၁၁-၂-၂၀၁၃)

မြတ်ဗုဒ္ဓအလိုတော်ကျ ဒေသနာနယ

စာရေးသူ- ဦးဖြေ (ဒေဝယက္ခ)
စာအုပ်တိုက်- အဖြေစာပေ
ဖုန်း-၀၅၂-၂၁၄၂၂၊ တန်ဖိုး-ကျပ် ၃၀၀၀

မြန်မာ့တိုင်းရင်းဆေးပညာ၌ နယကြီးလေးပါးပါဝင်သည်။ ယင်းတို့မှာ-(၁)ဒေသနာနယ၊(၂)ဘေသဇ္ဇနယ၊ (၃) နက္ခတ္တနယ၊ (၄) ဝိဇ္ဇာဓရနယတို့ဖြစ်သည်။ ဒေသနာနယဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော အဘိဓမ္မာကိုအခြေပြုသော ဆေးပညာရပ်ဖြစ်သည်။ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒနှင့် ရောဂါဗေဒတို့တွင် မဟာဘူတ ခေါ် မူလဓာတ်ကြီးလေးပါးတို့၏ အရေအတွက်နှင့် အရည်အသွေးနှစ်မျိုးစလုံး ပြည့်စုံကောင်းမွန်မျှတမှန်ကန်ရေးဟူသော ဗုဒ္ဓ၏ ဒေသနာနှင့်အညီ တွေးခေါ်ယူဆသုံးသပ်သော ဆေးပညာရပ်ဖြစ်သည်ကို ယခုစာအုပ်တွင် လေ့လာနိုင်သည်။

ထူးချွန်ကျောင်းသားသုံး အင်္ဂလိပ် – မြန်မာ အဘိဓာန်

စာအုပ်တိုက်-မဇ္ဈိမစာပေ
ဖုန်း-၀၁-၃၉၂၈၃၅၊ တန်ဖိုး- ကျပ် ၈၀၀၀

အင်္ဂလိပ်ဝေါဟာရ ၆၀၀၀၀ ကျော်၏ အသုံးအတွင်ကျယ်ဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ နောက်ဆုံးတကာ့နောက်ဆုံး ခေတ်ပြိုင်ဝေါဟာရသစ်များ၏ အဓိပ္ပာယ်များကိုပါ ထည့်သွင်းဖော်ပြထားရာ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများနှင့် အင်္ဂလိပ်စာလေ့လာ လိုက်စားသူများသာမက ရုံးသူရုံးသားများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ဘာသာပြန်ဆိုသူများအတွက် အထူးအသုံးဝင်မည့် အဘိဓာန်ဖြစ်သည်။

လက်တွေ့ဝါးမျိုးပွားခြင်းနှင့် ဝါးစိုက်ပျိုးပြုစုခြင်း

စာရေးသူ- ဒေါက်တာစန်းဝင်း(သစ်တောတက္ကသိုလ်)
စာအုပ်တိုက်- ပန်းမျိုးတစ်ရာစာပေ
ဖုန်း- ၀၁-၂၀၂၃၇၂၊ တန်ဖိုး- ကျပ် ၁၅၀၀

ဤစာအုပ်တွင် ဝါးကို ဆောက်လုပ်ရေးလုပ်ငန်း၊ လက်မှုလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတို့တွင် အသုံးပြုနေသည့်အပြင် အစားအစာနှင့် ဆေးဝါးအဖြစ် သုံးစွဲနေမှုအပါအဝင် ဝါး၏ ဘက်စုံအသုံးဝင်မှု၊ ဝါးပင်များပျံ့နှံ့ပေါက်ရောက်မှု၊ ဝါး၏ ဂေဟဗေဒ၊ ဝါးမျိုးပွားခြင်း၊ ဝါးစိုက်ပျိုးခြင်းတို့ကို သစ်တောပညာရှင်တစ်ယောက်အနေဖြင့် အသေးစိတ် ရေးသားဖော်ပြထားပြီး ဝါးပညာရှင်တို့၏ လေ့လာသုံးသပ်ချက်များကိုပါ ထည့်သွင်းဖော်ပြထားသည်။

တိုင်းသူပြည်သားတွေကို အမှန်တရားပြန်ပေးပါ

စာရေးသူ- ပြေလွင်မြင့်
စာအုပ်တိုက်- The Ladies News
ဖုန်း- ၀၉-၄၂၀၈၁၈၅၁၊ တန်ဖိုး- ကျပ် ၁၉၀၀

တရားစီရင်ရေးဆိုင်ရာ ဆောင်းပါးများကို စုစည်းဖော်ပြထားသော စာအုပ်ဖြစ်သည်။ဆောင်းပါးများမှာ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးဟူသော တရားစီရင်ရေးဆိုင်ရာမူအပေါ် အခြေခံ၍ ရေးသားထားခြင်းဖြစ်သည်။

တရားစီရင်မှု ဖြောင့်မှန်သန့်စင်စေလိုသည်ဆိုပါက မဖြောင့်မမှန် မသန့်မစင်ခဲ့ခြင်းအကြောင်းအရင်းကို ဦးစွာရှာဖွေတွေ့မြင်နိုင်ဖို့လိုသည်ဟု စာရေးသူကဆိုထားရာ ဖတ်ရှုလေ့လာသင့်လှပေသည်။

လူငယ်နှင့်အောင်မြင်မှု

စာရေးသူ- ချစ်နိုင်(စိတ်ပညာ)၊ စာအုပ်တိုက်- နိုင်စာပေ
ဖုန်း- ၀၁-၅၅၁၇၁၉၊ တန်ဖိုး- ကျပ် ၂၀၀၀

၂၁ ရာစုလူငယ်များအတွက် အောင်မြင်မှုကို မည်သို့မည်ပုံရယူပိုင်ဆိုင်နိုင်မည်ကို လမ်းညွှန်ထားသော ဆောင်းပါးများဖြစ်သည်။ အောင်မြင်မှုဆိုသည်မှာ ဘဝဦးတည်ရာကို သေသေချာချာသိပြီး မိမိစွမ်းရည်ကို အမြင့်မားဆုံးပျိုးထောင်ကာ အများကောင်းကျိုးအတွက် ဆောင်ရွက်နိုင်ခြင်းကိုခေါ်သည်ဟု ဂျွန်စီမက်ဇ်ဝဲ(လ်)က ဆိုထားသကဲ့သို့ ချစ်နိုင် (စိတ်ပညာ)ကလည်း အောင်မြင်သူများ၏ တွေးခေါ်ပုံ၊ လုပ်ဆောင်ပုံများကို တင်ပြပေးထားသည်။ အောင်မြင်ရေးလမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းလိုသော လူငယ်လူရွယ်များအတွက် အောင်မြင်ရေးနည်းလမ်းအသွယ်သွယ်ကို ဤစာအုပ်တွင် လေ့လာနိုင်သည်။

ပြည်တွင်းသတင်း

ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ညောင်ပင်ကြီးစုကျေးရွာ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ညောင်ပင်ကြီးစုကျေးရွာ လျှပ်စစ်ဓာတ်အားလိုင်းကို စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ညောင်ပင်ကြီးစုကျေးရွာအတွင်း နေအိမ်များ၌ လျှပ်စစ်ဓာတ်အား အသုံးပြုနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ညောင်ပင်ကြီးစုကျေးရွာ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးအတွက် ကျေးရွာနေပြည်သူများက ဆောင်ရွက်ရာတွင် လိုအပ်ချက်အခက်အခဲများကို နေပြည်တော်ကောင်စီက ညှိနှိုင်းဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သဖြင့် ယနေ့လျှပ်စစ်မီးကို ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် လျှပ်စစ်မီးကို အကျိုးရှိစွာ သုံးစွဲသွားကြရန်နှင့် လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းရေးအတွက်လည်း အထူးဂရုပြုသုံးစွဲသွားကြရန်၊ ရရှိသည့် လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများ တည်ထောင်ပြီး ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ နေပြည်တော်ကောင်စီအနေဖြင့်လည်း လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ယင်းနောက် ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က လျှပ်စစ်ပစ္စည်းများအတွက် လှူဒါန်းငွေကျပ် ၁၂၄ သိန်း၊ Kristlite ကုမ္ပဏီအထွေထွေမန်နေဂျာ ဒေါ်သိန်းသိန်းဝေက လျှပ်စစ်မီးကြိုးများအတွက် လှူဒါန်းငွေကျပ် သိန်း ၄၀ နှင့် စိုးလျှပ်စစ်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးထူးခင်က ၃၁၅ ကေဗွီအေ ထရန်စဖော်မာတပ်ဆင်ရန်အတွက် လှူဒါန်းငွေကျပ် ၃၂ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

နေပြည်တော်ကောင်စီ၏ကြီးကြပ်မှု၊ အလှူရှင်များနှင့် ပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် ညောင်ပင်ကြီးစုကျေးရွာတွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် အိမ်ခြေ ၂၁၆လုံးကို ငွေကျပ် ၅၉၇ သိန်း အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများအား နိုင်ငံသားစိစစ်ခြင်းနှင့် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းများ ကူညီဆောင်ရွက်ပေးကြမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများအား နိုင်ငံသားစိစစ်ခြင်းနှင့် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးများတွင် သုံးလတာ တာဝန်ထမ်းဆောင်ကြမည့် လုပ်ငန်းအဖွဲ့ ၁၁ဖွဲ့မှ အရာထမ်း/ အမှုထမ်းများနှင့်တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အမှာစကားပြောကြားရာတွင် ယခုအခါ ထိုင်း နိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမား ၁ ဒသမ ၂၃ သန်းကျော်အား ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးပြီး ဖြစ်ကြောင်း၊ အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမား ရှစ်သိန်းခန့်မှ တစ်သန်းခန့်အထိ ကျန်ရှိနေသဖြင့် ၎င်းတို့အား တရားဝင်ဖြစ်စေရေးအတွက် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင်ရန် ဝန်ကြီးဌာနသုံးခုမှ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ဖြင့်စုဖွဲ့၍ ထိုင်းနိုင်ငံအတွင်းရှိ စမုပရာကန်၊ စမုစခွန်၊ စူရတ်ဌာနီ၊ ပထုံသနီ၊ ရရောင်၊ ကန်ချ နာဘူရီ၊ ခွန်ခမ်၊ ချင်းမိုင်၊ ချင်းရိုင်၊ တပ်ခ်၊ ရနောင်းစသည့် စခန်း ၁၁ ခုတွင် တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း။

မိမိနိုင်ငံသားများအား ကယ်တင်ပေးသည့်လုပ်ငန်းစဉ်ဖြစ်သဖြင့် မိမိတို့၏စိတ်ထဲတွင် ဒုက္ခရောက်နေသော မိမိတို့၏နိုင်ငံသားများကို ကယ်တင်ရမည်ဆိုသည့်အချက်အား စွဲမြဲစွာမှတ်ထားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လိုအပ်သောစည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထိုင်းနိုင်ငံသို့ စေလွှတ်မည့် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) ၌ ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများ ကူညီစောင့်ရှောက်ရေးလုပ်ငန်းစဉ်ဆိုင်ရာ မွမ်းမံသင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ *ကျောက်ဖုံးမှ*

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မိုးညှင်းခရိုင်အတွင်းရှိ ပြည်သူများ၏အသံကို နားထောင်ပြီး ပြည်သူများတွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဒေသဆိုင်ရာလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်ရည်ရွယ်ချက်များဖြင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်အစိုးရသည် ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော လွှတ်တော်တွင်လည်း ဥပဒေပြုရေးနှင့်အပြန်အလှန်ထိန်းကျောင်းသည့်အလုပ်ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ထောင်စုလွှတ်တော်တွင် ခေတ်မမီတော့သည့် ဥပဒေအချို့ကို ပယ်ဖျက်ခြင်း၊ အချို့ကိုပြင်ဆင်ခြင်း၊ အချို့ကို အသစ်ပြုပြင်ရေးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့လွှတ်တော်က နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဥပဒေများရေးဆွဲပြဋ္ဌာန်းလိုက်သော ဥပဒေများအတိုင်း ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့ဝန်ထမ်းများက ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့အစည်းအသီးသီးတို့၏ကိုယ်စား တာဝန်ယူ တာဝန်ခံဆောင်ရွက်နေရသောကြောင့် ပြည်သူ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် စေတနာထား၍ ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အစီအစဉ်အရ မိုးညှင်းမြို့နယ် ဖွံ့ဖြိုးရေးအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒေသခံပြည်သူများက တွေ့ကြုံနေရသည့်အခက်အခဲများနှင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေရရှိရေးတို့အတွက် နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒေသခံပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဒေသခံပြည်သူများ တွေ့ဆုံနေရသည့် အခက်အခဲများနှင့် ဒေသလိုအပ်ချက်များကို သက်ဆိုင်ရာဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပြီးစီးမှု၊ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မိုးညှင်းခရိုင်သည် ယခင်က ဆန်ရိက္ခာထုတ်လုပ်မှုမြင့်မားပြီး လူမှုရေးနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်သည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရကိုချည်း အားကိုးမနေဘဲ ပြည်သူများအားလုံးက လက်တွဲ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည် ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရန် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်း၊ မိုးညှင်းခရိုင်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုလေးတစ်ခုပင် ဖြစ်သောကြောင့် ကျဉ်းမြောင်းသော အယူဝါဒများမထားရှိဘဲ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ကြရန် မေတ္တာရပ်ခံပါကြောင်း၊ လွှတ်တော်အတွင်းတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများမထားရှိဘဲ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံနှင့် နိုင်ငံသားများအကျိုးစီးပွားဖြစ်ထွန်းရေးအဓိကထား၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားများအားလုံး၊ ပြည်သူများအားလုံး အကျိုးစီးပွားဖြစ်ထွန်းရေးကို အဓိကထားရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန်လည်း လွှတ်တော်က ခေတ်မမီတော့သည့် ဥပဒေအချို့အား ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤအချိန်အခါနှင့် အခြေအနေမျိုးတွင် ငြိမ်းချမ်းရေး ရရှိနိုင်ရေးကို ပျက်စီးစေနိုင်သော ပြောဆိုမှု၊ ဝေဖန်မှုများကို မလုပ်ဆောင်ဘဲ ကချင်ပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲပြီး ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေးရရှိရေးကို နိုင်ငံတော်အစိုးရက လွှတ်တော်တို့နှင့်အတူ ပြည်သူများအားလုံးပူးပေါင်းပါဝင်ကြရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကွန်းလှမြို့ရှိရွှေကွန်းသာခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မိမိတို့အဖွဲ့သည် ဤဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်သောကြောင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့တွေ့ကြုံနေရသည့်အခက်အခဲများနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြရန် ပြောကြားသည်။

ဆက်လက်၍ ကွန်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများက တွေ့ကြုံနေရသည့်အခက်အခဲများနှင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေရရှိရေးတို့အတွက် နိုင်ငံတော်အစိုးရက ဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုသည်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒေသခံပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဒေသခံပြည်သူများ တွေ့ဆုံနေရသည့် အခက်အခဲများနှင့် ဒေသလိုအပ်ချက်များကို သက်ဆိုင်ရာဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပြီးစီးမှု၊ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယနေ့နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးဆီသို့ လျှောက်လှမ်းလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ လွှတ်တော်များနှင့် နိုင်ငံတော်အစိုးရသည်လည်း ပြည်သူ့အသံများကို နားထောင်ပြီး ပြည်သူများ၏လိုအပ်ချက်နှင့် ဆန္ဒများကို အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ရေး၊ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုလို မိမိတို့အဖွဲ့ လာရောက်ချိန်တွင် ဒေသခံပြည်သူများကတွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆန္ဒများ၊ ဒေသဆိုင်ရာ လိုအပ်ချက်များကို ယုံယုံကြည်ကြည် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဒေသခံပြည်သူများ၏ အခက်အခဲများ၊ ဆန္ဒများ၊ ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများအားလုံး တောင့်တနေသော၊ နိုင်ငံတကာက ရရှိစေချင်သော၊ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းရာတွင်လည်း ဒေသခံပြည်သူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် အထူးလိုအပ်ပါကြောင်းဖြင့် တိုက်တွန်းမှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

◆ *ကျောက်ဖုံးမှ*

ဆီးဂိမ်း၌ အတန်းကိုးတန်းတွင် ပါဝင်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်သည်။ မြန်မာလက်ဝှေ့သမားများအနေဖြင့် ပင်းဝိတ် ၄၅ ကီလိုတန်းမှ လိုက်မစ်ဒယ်ဝိတ် ၇၀ ကီလိုတန်းအထိ မွေ လက်ဝှေ့ပွဲများ၌ ပါဝင်ထိုးသတ်ကြမည်ဖြစ်သည်။

မွေနှင့် ရိုးရာလက်ဝှေ့တို့ ကွာခြားမှုမှာ မွေက လက်အိတ်၊ ခေါင်းကာ၊ ကိုယ်ကာနှင့် ခြေကျင်းဝတ်ကာ၊ တံတောင်အကာများပါရှိကာ ထိုးသတ်ရခြင်းဖြစ်သည်။ မွေပြိုင်ပွဲသို့ ဝင်ရောက်ဆင်နွှဲရန် လေ့ကျင့်နေကြသည့် လက်ဝှေ့သမားများသည် နေ့စဉ် နံနက်နှင့် ညနေပိုင်းများတွင် တစ်ပတ်ခြောက်ရက်မျှ လေ့ကျင့်နေကြခြင်း ဖြစ်သည်။

ဆီးဂိမ်းတွင် မြန်မာတို့၏ အဓိကပြိုင်ဘက်များမှာ လာအို၊ ဗီယက်နမ်၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ပြီး လာမည့် မတ်လဆန်း၌ မွေပြိုင်ပွဲအတွက် နေပြည်တော်၌ လူရွေးချယ်ပွဲပြုလုပ်ရန် စီစဉ်ထားသည်။

ဆီးဂိမ်းအတွက် အပြီးသတ်လူရွေးချယ်ပြီးပါက နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်ခြင်းနှင့် ထိုင်းနည်းပြများနှင့်လည်း ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားရန်အစီအစဉ်ရှိကြောင်း သိရသည်။ မြန်မာလက်ဝှေ့သမားများသည် ခုခံကာကွယ်မှု၊ လက်သီးပြင်းထန်မှု၊ လျင်မြန်မှု၊ အားသုံးမှုနှင့် အတိုက်အခိုက်များကို အင်အားပြည့် လေ့ကျင့်လျက်ရှိနေပြီ ဖြစ်သည်။

(မြန်မာ့အလင်း)

ပင်လုံသန္နိဋ္ဌာန် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်

မိုးဆွေအောင် (စွမ်းအင်)

"ပြည်ထောင်စုမြန်မာနိုင်ငံ"ဟူသည် မြန်မာတို့စုစည်းနေထိုင်ကာ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ၊ အတူတကွ ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် သမိုင်းစဉ်တစ်လျှောက် လျှောက်လှမ်းခဲ့ကြသော ဆွေမျိုး၊ မိသားစုများ၏ နိုင်ငံဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် မြောက်မှတောင်သို့ မိုင်ပေါင်း ၁၃၀၀ ကျော် အရှေ့မှအနောက်သို့ မိုင်ပေါင်း ၆၀၀ခန့်အသီးသီး ရှည်လျားပြီး ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၂၆၁၂၂၈ ကျယ်ဝန်းလျက် ကမ္ဘာ့အလယ်တွင် ခံ့ထည်စွာရပ်တည်လျက်ရှိသည်။

ဤပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ရခိုင်၊ ရှမ်းအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုပေါင်းနေထိုင်ခြင်းဖြစ်ပြီး ၄င်းပြည်ထောင်စုဖွားတိုင်းရင်းသားများအနေဖြင့် ရေကြည်ရာ မြက်နုရာ တောင်ပေါ်မြေပြန့်အနှံ့ ဖြန့်ကြက်နေထိုင်ကြစေကာမူ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စည်းလုံးညီညွတ်စွာ အတူလက်တွဲ နေထိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်လုံး၌ အမျိုးသားရေးဂုဏ် မြင့်မားစွာဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အင်အားသည် အစဉ် ရှင်သန်ခိုင်မာခဲ့သည်ကို တင်ပြရမည်ဆိုပါက ပထမမြန်မာနိုင်ငံတော်(ပုဂံခေတ်)ကိုထူထောင်ခဲ့ကြသော အနော်ရထာနှင့် ကျန်စစ်မင်းတို့သည် လည်းကောင်း၊ ဒုတိယမြန်မာနိုင်ငံတော် (တောင်ငူခေတ်)ကို စည်းရုံး တည်ဆောက်ခဲ့ကြသော တပင်ရွှေထီးနှင့် ဘုရင့်နောင်မင်းတရားကြီးတို့သည်လည်းကောင်း၊ တတိယမြန်မာနိုင်ငံတော် (ကုန်းဘောင်ခေတ်)ကို ဖွဲ့စည်းတည်ထောင်ခဲ့သော အလောင်းမင်းတရားကြီးသည်လည်းကောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မမေ့မလျော့အခြေခံလျက် အခိုင်အမာအလေးအနက်ရယူတည်ဆောက်ခဲ့ကြသည့် သာဓကများပင် ဖြစ်ပေသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် လွန်ခဲ့သောနှစ်ပေါင်းထောင်ချီကတည်းက ကမ္ဘာ့အလယ်တွင် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ် နိုင်ငံတကာအလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် ၁၉ ရာစုနောက်ပိုင်းတွင် နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး မြန်မာနိုင်ငံအတွင်းရှိ အဖိုးတန်သယံဇာတများကို အလိုရမ္မက်ငမ်းငမ်းတက်ကာ မသမာသော အကြံအစည်များဖြင့် တိုင်းရင်းသားတို့အကြား စည်းလုံးညီညွတ်မှုပျက်ပြားစေရေးအတွက် တောင်ပေါ်နှင့်ပြည်မဟူ၍ အုပ်ချုပ်မှုစနစ် နှစ်မျိုးခွဲခြားပြီး အုပ်ချုပ်ခဲ့၏။ ဆုံးရှုံးသွားသော လွတ်လပ်ရေးကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအင်အားဖြင့် ပြန်လည်တိုက်ခိုက်ရယူခဲ့ပေသည်။

နယ်ချဲ့များအား သူ့ကျွန်မခံ တွန်းလှန်တိုက်ခိုက်မှုများ (၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ် စသည်များ) အမျိုး၊ ဘာသာ၊ သာသနာနှင့် လွတ်လပ်ရေးအတွက် ဝိုင်အမ်ဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဖတပလ၊ ဖဆပလ၊ ရဲဘော်သုံးကျိပ်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မြန်မာ့တပ်မတော် စသည်တို့၏ လွတ်လပ်ရေးကြိုးပမ်းမှုအဆင့်ဆင့် (၁၈၈၅ မှ ၁၉၄၈ ခုနှစ်ထိ) တို့သည် တိုင်းရင်းသားပေါင်းစုံပါဝင်ခဲ့သည့် ခိုင်မာလှသော သမိုင်းသာဓကများပင် ဖြစ်သည်။

နယ်ချဲ့တို့အနေဖြင့် မြန်မာ့လွတ်လပ်ရေးကို မပေးမဖြစ်ပေးရတော့မည့်အခြေအနေကို သိရှိသောအခါ ပြည်မကိုသာပေးမည်၊ တောင်တန်းဒေသကိုမပေးဟုဆိုလာပြန်သည်။ ထိုသို့သပ်လျှိုဖြိုခွဲမှုများ ဖြစ်ပေါ်နေသည့်အချိန်၌ နယ်ချဲ့တို့၏ပယောဂ ထိုးနှက်မှုများခံနေကြရသော တောင်တန်းဒေသများမှာလည်း နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ စိတ်ရင်းစေတနာကြောင့် ပြည်မကြီးနှင့်ပူးတွဲရန် သဘောတူခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀နာရီတွင် တိုင်းရင်းသားကိုယ်စားလှယ်များက ကိုလိုနီလက်အောက် သူ့ကျွန်ဘဝမှ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် နေထိုင်ကြရန် ပင်လုံမြို့၌ပဋိညာဉ်ပြုကြလျက် တောင်တန်းဒေသနှင့်ပြည်မ သွေးစည်းညီညွတ်ရေးပင်လုံစာချုပ်ကြီးကို ဗြိတိသျှကိုယ်စားလှယ်များ၏ ရှေ့မှောက်၌ပင် လက်မှတ်ရေးထိုးကြပြီး ပင်လုံစာချုပ်(ဝါ) တိုင်းရင်းသားပေါင်းစုံစည်းလုံးညီညွတ်မှု သန္နိဋ္ဌာန် အောင်မြင်စွာ ချမှတ်နိုင်ခဲ့ကြသည်။ ဤသို့ဖြင့် ပြည်ထောင်စုတိုင်းရင်းသားတို့၏ ညီညွတ်ခြင်းပြယုဂ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အမွန်အမြတ်ကို ဖော်ထုတ်နိုင်ခဲ့ကြကာ အဆိုပါ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မွန်မြတ်သော "ပြည်ထောင်စုနေ့"ကို မွေးဖွားဖြစ်တည်ရှင်သန်စေခဲ့သည်။

ယင်း"ပြည်ထောင်စုနေ့"ကြီးမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ စတင်မျိုးစေ့ချပေးခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်သည် ယခုအခါ အကိုင်း၊ အခက်၊ အရွက်၊ အပွင့်၊ အသီးများဖြင့် ဝေဆာစွာ ဖွံ့ဖြိုးလျက်ရှိလာပြီဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါး တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လွန်စွာအရေးပါလှပေသည်။

"ပြည်ထောင်စုစိတ်ဓာတ်"ဟူသည် အမျိုးသားရေးအသိအမြင် အပြည့်အဝဖြင့် ရဲစွမ်းသတ္တိရှိသော စိတ်ဓာတ်၊ ဣသာမစ္ဆရိယ မနာလိုဝန်တိုမှုကင်းသောစိတ်ဓာတ်၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းကို ချစ်မြတ်နိုး၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သော စိတ်ဓာတ်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ ဆွေမျိုးရင်းချာကဲ့သို့ နေထိုင်လိုသော မိသားစုစိတ်ဓာတ်၊ အချင်းချင်းစောင့်ရှောက်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ အရေးကြီးလျှင်သွေးနီးခြင်းစိတ်ဓာတ်တို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၁၅-၁၂-၂၀၁၂ ရက်နေ့ မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်

"ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် ပြည်ထောင်စုလေ့ကြီးကို အားလုံးပါဝင်၍ အားသွန်ခွန်စိုက် ကြိုးပမ်းလှော်ခတ်ရန်လိုကြောင်း" ဟုလည်းကောင်း၊ ၁၉-၁-၂၀၁၃ ရက်နေ့ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည့် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနား၌ "တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည်တစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီကျွန်းကိုင်းမှီဆိုသကဲ့သို့ အမှီသဟဲပြုနေပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှလည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ပါကြောင်း"ဟုလည်းကောင်း၊ ၁-၂-၂၀၁၃ ရက်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားသည့် မိန့်ခွန်းတွင် "ကြိုးပမ်းဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးများ အောင်မြင်စေဖို့အတွက် နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတည်ဆောက်မှုတို့ကိုလည်း အလေးထား ဆောင်ရွက်ရမည့် အချိန်ကာလဖြစ်ကြောင်း. . .", "စစ်မှန်သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ မိမိတို့အားလုံးစားပွဲဝိုင်းမှာ ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာရမယ့်အချိန်အခါကို ကျရောက်နေပြီဖြစ်ကြောင်း. . ."

"မကြာခင်ကျရောက်တော့မယ့် (၆၆)နှစ်မြောက် မြန်မာနိုင်ငံရဲ့ ပြည်ထောင်စုနေ့မှာ တစ်မျိုးသားလုံး စုစည်းခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ပြန်လည်နှိုးဆွပြီး ပြည်သူတစ်ဦးချင်းစီအနေနဲ့ နိုင်ငံတည်ဆောက်ရေးမှာ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းကြောင်း. . ." ဟုလည်းကောင်း အသီးသီးထည့်သွင်းပြောကြားခဲ့ပေသည်။

သို့ဖြစ်ရာ ဖော်ပြပါထည့်သွင်းပြောကြားချက်များနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ပင်လုံသန္နိဋ္ဌာန်အဖြစ် ချမှတ်ကာ ပြည်ထောင်စုကြီး၏ အလှတရားကို ထာဝရခြယ်သနိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကြိုးပမ်းဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးများ အောင်မြင်စေဖို့အတွက် နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုတို့ကိုလည်း အလေးထားဆောင်ရွက်ရမည့် အချိန်ကာလဖြစ်။ စစ်မှန်သောငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့ မိမိတို့အားလုံးစားပွဲဝိုင်းမှာ ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာရမယ့်အချိန်အခါကို ကျရောက်နေပြီဖြစ်

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု



ငြိမ်းချမ်းချစ်ကြည် တို့တိုင်းပြည်

☆ ပြည်မြန်မာ ငြိမ်းချမ်းတေးရယ်နဲ့
စိမ်းလန်းရေးဆိုပါလျှင်··။
ရိုင်းပင်းအားတည်ထောင်ပြုပါတဲ့
တိုင်းရင်းသားညီနောင်ထုတို့က
ပြည်ထောင်စုချစ်မြတ်နိုး
ကြိုးစားဖို့ပင်။
လက်တွဲကြထာဝစဉ်
ချစ်ခင်ကြထာဝရ။
ချစ်သဒ္ဒါနှောင် မယိမ်းတမ်း
မေတ္တာဘောင် စိမ်းလန်း
နှစ်ရာထောင် အသိန်းအသန်း
ငြိမ်းချမ်းမည်ပ။

☆ ပြည်မြန်မာ ခေတ်မီအတွေးရယ်နဲ့
ချစ်ကြည်ရေး ဆိုပါလျှင်
အမုန်းစကားမဆို ငြိုငြင်ကင်း
နှလုံးသားဗဟို ချိုလွင်ခြင်း
အပြုံးများကို ကိုယ်စီနှင်း
ချစ်ရင်းဖို့ပင်။
အကျိုးနှင့်အကြောင်းယှဉ်
တိုင်ပင်လို့ဆွေးနွေး။
သွေးသားရင်း အမှန်အစစ်ပေမို့
ဘေးစကားအတင်း အကြံညစ်တွေကြောင့်
သွေးသားချင်း ရန်မဖြစ်သင့်ပေဘု
မေတ္တာမှာ သစ္စာကိန်းမှ
ငြိမ်းချမ်းမယ်လေး။

☆ ပြည်မြန်မာ အရှည်ခံ့ပါလို့
တည်တံ့ဖို့ ဆိုပါလျှင်။
တိုင်းရင်းသားညီနောင်ချင်း
ချစ်ရင်းစွာ ဘယ်ခါမခွဲ
ဥမကွဲ သိုက်မပျက်
တွဲလက်ထာဝစဉ်။
ညီညွတ်ခြင်းဖြင့်သာလျှင်
အောင်မြင်မှုသရဖူဆောင်း။
မငြီးစရာ ပမာပြုရလျှင်ဖြင့်
အသီးတစ်ရာ အညှာတစ်ခုပါကွဲ့
ပြည်ထောင်စု စိတ်ဓာတ်သွေးဖြင့်
ရေးမိပါကြောင်း။ ။

မြင်းမှူမောင်နိုင်မိုး

၂၀၁၃ခုနှစ်၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် မွေးမြူရေး၊

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး၊

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး၊

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံးအသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေး။

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှု သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကျောင်းသား ကျောင်းသူများ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်တိုးပွားရေးရည်ရွယ်ချက်ဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူးကျင်းပသော (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၈ ရက်က အထက(၃) ကျောင်းခန်းမဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သောင်းမြ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းဝင်များတက်ရောက်ကြသည်။ ကျောင်းသူလေးများက တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်သရုပ်ပြပြီး တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို ရှင်းလင်းပြောကြားပေးသည်။ သရုပ်ပြ ဝတ်စားဆင်ယင်ပြသသော ကျောင်းသူလေးများအား ဂုဏ်ပြုပန်းခြင်း လက်ဆောင်ပေးအပ်ပြီး အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်သီဂီအေးအား ငွေကျပ် ၁၅၀၀၀၀ ကို ကျောင်းသူလေးများအား ဂုဏ်ပြုဆုငွေအဖြစ် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ပေးအပ်သည်။

(၀၂၇)

အာဆီယံဥက္ကဋ္ဌတာဝန်အတွက် လွှဲပြောင်းလက်ခံရမည့်ကာလသည် ၁၀ လခန့်သာကျန်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်းအတွက် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာ၌ အာဆီယံဒေသတွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီ ၁၅ခုအား ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ မှစတင်ခဲ့ပြီးယခုဆိုလျှင် တစ်နှစ်ပြည့်ပြီးဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအား တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ပြီးရှေ့ဆက်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များချမှတ်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရာ၌ အဓိကအားဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းအပိုင်း (၂)ပိုင်းရှိရာ Logistics အပိုင်းဖြစ်သည့် အာဆီယံ အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည့် ကိစ္စရပ်များနှင့် ဘာသာရပ်ဆိုင်ရာအပိုင်းဖြစ်သည့် အာဆီယံတစ်ခုလုံးအတွက် ဦးဆောင်ရမည့် Myanmar Deliverables in 2014 ချမှတ်ရန်နှင့် ဦးဆောင်ဆွေးနွေးရန် ကိစ္စရပ်များရှိပါကြောင်း။

အေအီးစီမဏ္ဍိုင် အနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အစည်းအဝေးများတွင် ၈-၂-၂၀၁၂ ရက် စာရင်းအရ အစည်းအဝေးအုပ်စု (Meeting Package) အနေဖြင့် ၆၇ ခုရှိရာ ဆက်စပ်အစည်းအဝေးများပါဝင်ပါက အစည်းအဝေးပေါင်း ၁၈၈ ခု ရှိမည်ဖြစ်ပါကြောင်း၊ စုစုပေါင်းကိုယ်စားလှယ် ၈၀၀၀ နီးပါး လာရောက်ရန် ခန့်မှန်းထားပါကြောင်း၊ (၂၃) ကြိမ်မြောက် အာဆီယံစီးပွားရေး ပေါင်းစပ်မှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High Level Task Force onEconomic Integration-HLTF EI) အစည်းအဝေးတွင် အာဆီယံအစည်းအဝေးကျင်းပသည့် အရေအတွက်လျှော့ချရန်နှင့် ကုန်ကျစရိတ်ကျဉ်းကျဉ်းဖြင့် ကျင်းပရန် စတင်ဆွေးနွေးခဲ့ပြီး နည်းလမ်းများရှာဖွေရန်အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများအား တာဝန်ပေးအပ်ခဲ့သည်ကို အသိပေးပြောကြားလိုကြောင်း၊ ယခုအခါ အာဆီယံဥက္ကဋ္ဌတာဝန်အတွက် လွှဲပြောင်းလက်ခံရမည့်ကာလသည် ၁၀ လခန့်သာကျန်ရှိရာ မိမိတို့လုပ်ငန်းကော်မတီအသီးသီးအနေဖြင့် ၂၀၁၄ ခုနှစ် အာဆီယံစီးပွားရေး မဏ္ဍိုင်အတွက် ချမှတ်နိုင်မည့်သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာကိစ္စရပ်များကို အထူးအလေးပေး ပြင်ဆင်ရန်လိုအပ်လာပြီဖြစ်ကြောင်း၊ အာဆီယံဥက္ကဋ္ဌ တာဝန်သည်အာဆီယံတစ်ခုလုံးကိုဦးဆောင်ရမည်ဖြစ်ရာ မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်အတွက် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်မည့် ဆောင်ရွက်ရန်အချက်များ (Deliverables) ကို ဖော်ထုတ်ရန်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီ ၁၅ ခုအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူရမည့်နှစ်အတွက် ဘာသာရပ်ဆိုင်ရာကိစ္စရပ်များကိုအလေးပေးစဉ်းစားဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4

၁၂-၂-၂၀၁၃ (အင်္ဂါနေ့)

၅း၀၀ MRTV-4 အဖွင့် Logo
၅း၁၀ **သံသရာကြောပြတ်ချင် ဓာတ်သဘောမြင်အောင်ရှု** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၄၀ ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၇း၃၀ MRTV-4 သတင်း
၉း၄၀ ဒုတိယတော်ကူးဆရာတော်ကြီး (၈၅)နှစ်ပြည့် ဝိဇာတမွေးနေ့နှင့် သုံးထပ်ကျောင်းဆောင် ရေစက်ချမင်္ဂလာ
၉း၅၀ လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းစေဖို့ရာ····
၂း၀၀ MRTV-4 သတင်း
၂း၃၀ မြန်မာ-ထိုင်းဝမ်ချစ်ကြည်ရေးအသင်း အခမဲ့နယ်လှည့်ဆေးကုသရေး အစီအစဉ်(ခရမ်း)
၂း၄၀ Cartoon Series (Curious Kemi)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၄၈)
၃း၄၀ အလှအပနှင့် ကျန်းမာရေးအတွက် JUNEROSE
၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၇)
၈း၀၀ MRTV-4 သတင်း
၈း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ **The Sign of Love (Season-2) အချစ်သင်္ကေတ** (အပိုင်း-၁၈)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၈)

ပြည်တွင်းသတင်းနှင့်ဈေးကွက်

ကျောက်ပန်းတောင်းဒေသ မန်ကျည်းအထွက်နှုန်းကျဆင်း

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ယမန်နှစ် မိုးရာသီနောက်ပိုင်း မိုးရွာသွန်းမှု မရှိခဲ့သဖြင့် ဒေသအတွင်း အဓိကထွက်ကုန် သီးနှံအမယ်တစ်မျိုးဖြစ်သော မန်ကျည်းသီးများ အထွက်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ယမန်နှစ်က တစ်မြို့နယ်လုံးတွင် မန်ကျည်းကုန်ချိန်ပိဿာပေါင်း ၁၀ သိန်းဝန်းကျင် ထွက်ရှိခဲ့သော်လည်း ယခုနှစ်တွင် ပိဿာချိန် သုံးသိန်းကျော်ခန့်သာ ထွက်ရှိမည်ဟု ခန့်မှန်းကြောင်း သိရသည်။ "အရင်နှစ်တွေက ၈၀ ရာခိုင်နှုန်းဝန်းကျင်လောက် ထွက်ရှိပေမယ့် ဒီနှစ်ကတော့ မနှစ်က မိုးခေါင်မှုဒဏ်ကြောင့် ၃၀ ရာခိုင်နှုန်းလောက်ပဲ ထွက်မယ်လို့မှန်းတယ်" ဟု မန်ကျည်းပွဲရုံ လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးမောင်ချိုက ပြောသည်။ ရာခိုင်နှုန်းကို ဘယ်လိုအချိုးနဲ့ တွက်ပါသလဲဟုမေးကြည့်ရာ "အရင်နှစ်တွေက မန်ကျည်း ၁၀ ပင်ကို ရှစ်ပင်လောက် သီးတယ်ဗျာ၊ အသားလည်းကောင်းတယ်၊ ဒီနှစ်ကတော့ မန်ကျည်း ၁၀ ပင်ကို သုံးပင်လောက်ပဲသီးတယ်၊ အသားလည်းညံ့တယ်"ဟု အဆိုပါလုပ်ငန်းရှင်က ရှင်းပြသည်။ ဈေးနှုန်းမှာ မန်ကျည်းအလုံး တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၊ ၄၈၀ ဖြစ်ပြီး အသားဈေးမှာ ၈၂၅ ကျပ် မှ ၈၅၀ ဈေးရှိကြောင်းနှင့် ပုပ္ပားဒေသထွက် မန်ကျည်းမှာ အသားကောင်း၍ ဈေးအနည်းငယ်ပိုရကြောင်း သိရသည်။ ကျောက်ပန်းတောင်း မြို့နယ်အတွင်း မန်ကျည်းအများဆုံး ထွက်ရှိရာကျေးရွာများမှာ အနောက်ဘက် ညောင်ဦးနယ်စပ်မှာ ညောင်နီကျင်း၊ ပျဉ်းမ၊ ငါ့မင်းမေးရွာများ၊ တောင်ဘက်လက်မှ ရွာလု၊ ရွာလတ်၊ ပေါက်သစ်၊ ရိုးခြားရွာများနှင့် အရှေ့မြောက်အရပ်မှ ပုပ္ပား၊ ဆည်ပေါက်၊ ညောင်ကန်၊ သံဘို ကျေးရွာများမှ အများဆုံးရရှိကြောင်းနှင့် ပွဲစားငယ်များမှ မန်ကျည်းအလုံးကို နေ့စဉ်ပွဲရုံများသို့ လာရောက်ရောင်းချကြခြင်းဖြစ်ပြီး ပွဲရုံများမှ မန်ကျည်းထုလုပ်သားများနှင့် မန်ကျည်းအသား(ကုန်ချော)ရအောင် ပြုလုပ်ရခြင်းဖြစ်၍ ပွဲရုံတစ်ရုံလျှင် လုပ်သားအင်အား ၃၀ မှ ၅၀ ခန့်အထိရှိကြောင်း သိရသည်။ အချို့မှာ ပွဲရုံမှ မန်ကျည်းအကြမ်းကို ဆိုင်းထမ်းဖြင့် အိမ်သို့ယူဆောင်၍ အိမ်အလုပ်မပျက်လုပ်ကိုင်ကြ၍ ထုပြီးအသားကို ပွဲရုံသို့ပြန်အပ်ကာ ထုခယူလုပ်ဆောင်ကြသူများလည်းရှိကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေ နွေဦးပေါက်ရာသီ တောင်ယာလုပ်ငန်းခွင်ရပ်နားချိန်တွင် ကျေးလက်တောရွာများမှ အပိုဝင်ငွေရှာလိုသော လူကြီးလူငယ်များ ဝင်ငွေတစ်ဖက် တစ်လမ်းရရှိစေသည့် မန်ကျည်းထုလုပ်ငန်းမှာ သက်ဝင်လှုပ်ရှားစ ပြုနေပြီဖြစ်ပါသည်။ မြို့အနီးဝန်းကျင် ကျေးရွာများမှ မနက်လင်းသည်နှင့် ထမင်းချိုင့်ကိုယ်စီကိုင်စွဲလျက် မန်ကျည်းပွဲရုံများသို့ ရောက်ရှိလာကြပြီး နေ့ခင်းထမင်းစားချိန်မှလွဲ၍ ညနေ ၅ နာရီခန့်အထိ တစ်နေကုန် လုပ်ကိုင်ကြကြောင်း သိရပြီး မန်ကျည်းထုခမှာ (အကြောသင်/ထုပြီး) တစ်ပိဿာလျှင် ငွေကျပ် ၈၀ ရရှိကြောင်းနှင့် ကျွမ်းကျင်သူတစ်ဦး တစ်နေ့ပျမ်းမျှလုပ်အားမှာ ပိဿာ ၂၀ ခန့်ရှိကြောင်းနှင့် ဝင်ငွေကျပ် ၁၆၀၀ ရရှိကြောင်း သိရသည်။ ကျောင်းပိတ်ချိန်နွေရာသီတွင် မန်ကျည်းထုလုပ်ငန်းလုပ်ကိုင်သူ ပိုမိုများပြားပြီး အပြိုင်အဆိုင် တပျော်တပါး လုပ်ကိုင်ကြသဖြင့် လုပ်ငန်းတွင်ကျယ်ပြီး ဝင်ငွေ ပိုမိုရရှိကြောင်း သိရသည်။

(၄၁၈)

ဆောင်းရာသီမုန့်လာထုပ် ဈေးနည်း၍ စိုက်ခင်းရှင်တို့ အရှုံးပေါ်

မိုးညှင်း ဖေဖော်ဝါရီ ၁၁

စားနပ်ရိက္ခာအတွက် ရာသီအလိုက် ဟင်းသီးဟင်းရွက်သီးနှံများကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် တောင်သူများ စနစ်တကျ အောင်မြင်စွာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိခြင်းကြောင့် မြို့နယ်စားသုံးသူများ လုံလောက်စွာ စားသုံးကြရပြီး ပိုလျှံလျက်ရှိသည်။ မိုးညှင်းမြို့နယ်မှ ထွက်ရှိသော ရာသီအလိုက် ဟင်းသီးဟင်းရွက်သီးနှံများမှာ အခြားသော မြို့နယ်ဒေသဈေးကွက်တွင်လည်း ရောင်းဝယ်အားကောင်းသဖြင့် လွန်ခဲ့သည့်နှစ်များက စိုက်ပျိုးသူတောင်သူမိသားစုဝင်ငွေအတွက် အဆင်ပြေခဲ့သည်။

ယခုနှစ် ဆောင်းရာသီတွင် မုန်ညင်း၊ ပန်းမုန်လာ၊ မုန်လာထုပ်စိုက်ခင်းများတိုးလာပြီး လှိုင်လှိုင်ပေါသဖြင့် လွန်ခဲ့သည့်နှစ်ကထက် ဈေးနှုန်းများ ကျဆင်းလာသည်။ အထူးသဖြင့် မုန်လာထုပ်စိုက်ခင်းများ အရှုံးပေါ်နိုင်သည်ဟု တောင်သူတို့က ဆိုသည်။ ယခုကဲ့သို့ ဈေးမရဘဲ မုန်လာထုပ်များစုပုံရခြင်းမှာ အခြားသောဒေသသို့ ပို့ရမည့် ထွက်ကုန်များ ဈေးကွက်သို့ မရောက်ရှိခြင်းကြောင့် ဖြစ်ကြောင်း စိုက်ခင်းရှင်က အတွေ့အကြုံကို ပြောပြသည်။ မိုးညှင်းမြို့ ညနေခင်းဈေးတန်းနှင့် မိုးမလင်းဈေးတွင် မုန်လာထုပ်များကို ဒေသခံစားသုံးသူအတွက်၊ မွေးမြူရေးဝမ်းစာများအတွက် ပိုလျှံစွာဝယ်ယူပြီးကြသော်လည်း မိုးလင်းသည်နှင့် ရောင်းမကုန်သည့် မုန်လာထုပ်များ အစုအပုံကို တွေ့ရသည်။ မုန်လာထုပ်ကြီး အလေးချိန် နှစ်ပိဿာကျော် တစ်ထုပ်လျှင် ငွေကျပ် ၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်ကို တွေ့ရသည်။ (ဝ၆၃)

ကိုယ်ပိုင်ယာဉ်များနှင့် အငှားယာဉ်အချို့ ကြန့်ကြာတတ်သည့် မီးပွိုင့်များကို ရှောင်ရှားရန် ရပ်ကွက်အတွင်းလမ်းများ အသုံးပြုလာကြ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ယာဉ်ထိန်းရဲများနှင့် ကြီးကြပ်ရေးအဖွဲ့များ၏ ကြိုးပမ်းမှုကြောင့် မီးပွိုင့်များနှင့်ကားကျပ်သည့် လမ်းကြောများအတွင်း ယာဉ်သွားလာမှုများ မြန်ဆန်သွားသော်လည်း ကိုယ်ပိုင်ကားအများစုနှင့် တက္ကစီယာဉ်အများစုမှာ မီးပွိုင့်ရှောင်လမ်းများကို အဓိကထားကာ ပိုမိုသွားလာနေကြကြောင်း သိရှိရသည်။

"မီးပွိုင့်တွေမှာ ကားတွေများနေပေမယ့် ယာဉ်ကြောကအရင်လောက် ပိတ်မနေတော့ပါဘူး။ မီးပွိုင့်စောင့်ရတာ အရင်လောက် မကြာတော့ပေမယ့် ကားပိုင်ရှင်အများစုက မီးပွိုင့်ရှောင်လမ်းတွေကို ပိုပြီးအသုံးပြုလာကြတယ်။ မနေ့က အလုံအမျိုးသမီးဆေးရုံကနေ အိမ်ပြန်တော့ ဦးဝိစာရမီးပွိုင့်ကို တစ်ခါ၊ မြေနီကုန်းထိပ်က မီးပွိုင့်ကို တစ်ခါ ရှောင်ဖို့ဆိုပြီး တက္ကစီယာဉ်မောင်းက လူနေအိမ်လမ်းကြားတွေကို အသုံးပြုခဲ့တယ်။ နောက်ထပ်ပြီး ရွှေဂုံတိုင်မီးပွိုင့်ကို ထပ်ရှောင်ဖို့အတွက် ရေတာရှည်လမ်းကနေဝင်ပြီး ငါးထပ်ကြီးဘုရားလမ်းကနေ ဖြတ်ပြီးမှ တာမွေဘက်ကို ထွက်ပြန်ရော နေ့စဉ်တက္ကစီစီးပြီး သွားနေတာ နှစ်ပေါက်နေပေမယ့် ဒီလိုမျိုးမီးပွိုင့်တွေကို ရှောင်ပြီးမောင်းလာတာ အခုလပိုင်းကျမှ ဖြစ်လာတာပါ။ အများစုလည်း အဲဒီလိုပဲ ကားကျပ်တဲ့နေရာတွေကို ရှောင်ဖို့အတွက် လူနေရပ်ကွက်အတွင်းက လမ်းတွေကို ပိုပြီးအသုံးပြုလာကြတယ်" ဟု ပုံမှန်သွားလာတတ်သည့် အထူးကုဆရာဝန်တစ်ဦးက သူ့အတွေ့အကြုံကို ပြောပြသည်။ ထိုကဲ့သို့ သွားလာမှုများကြောင့် ရပ်ကွက်များအတွင်း ဆော့ကစားနေသည့် ကလေးများနှင့် ကျောင်းတက် ကျောင်းဆင်းချိန် ရပ်ကွက်များအတွင်းရှိ လမ်းတိုများအတွင်း ကားကျပ်မှုအချို့နှင့် ယာဉ်အန္တရာယ် ကျရောက်တတ်ခြင်းကြောင့် သတိထားသင့်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူ ဦးမြင့်ဇော်က သူ့အမြင်ကို ပြောပြသည်။

"ရပ်ကွက်တွေထဲမှာ အရင်ကထက် ကားတွေပိုဖြတ်လာကြတယ်။ ယာဉ်မတော်တဆတိုက်မှုတွေလည်း ကျရောက်နိုင်ပြီး လမ်းကြောမကျွမ်းကျင်တဲ့ ယာဉ်မောင်းတွေနဲ့ လမ်းမီးရောင်အားနည်းတဲ့ လမ်းတွေမှာ နေထိုင်သူတွေ သတိထားသင့်ပါတယ်။ မီးပွိုင့်ကြာတတ်တဲ့ နေရာအနီးအနားက ရပ်ကွက်တွေအတွင်းမှာ ကလေးတွေ ဆော့ကစားတာမျိုးတွေ ရှိနေရင် သတိထားသင့်တယ်" ဟု သူက ဆက်လက်ပြောပြသည်။ **သွန်းဝဿန်**

လမ်းလယ်ဘလောက်တုံးများ ချထားပြီး ယာဉ်ကြောပိတ်ဆို့မှုကို ကာဆီးခဲ့ရသည့် တောင်မြင်းပြိုင်ကွင်း လမ်းထိပ်တစ်နေရာ။

ကလေးဒေသ ရာသီပေါ်ဆောင်းသီးနှံ ကြက်သွန်နီဈေးကောင်းရ အရောင်းသွက်

ယခုတလော ကလေးလွင်ပြင်ဒေသ၏ ရာသီပေါ်ဆောင်းသီးနှံဖြစ်သော ကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီအရွယ်အစား အမျိုးမျိုးအလိုက် ဈေးကောင်းရ အရောင်းသွက်လျက်ရှိနေကြောင်း သိရှိရသည်။

ဒေသတွင်းထွက် ကြက်သွန်နီများကို အိန္ဒိယ-မြန်မာနယ်စပ် တမူး၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါနှင့် ကလေးဝမြို့မှတစ်ဆင့် အထက်ချင်းတွင်းဒေသများဖြစ်သော မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီး စသည့် မြို့ကြီးများသို့ ဈေးကောင်းရသွက်လက်မြန်ဆန်စွာ လက်လီလက်ကား ရောင်းချရလျက်ရှိကြောင်း ကလေးမြို့နယ် လေးအိပ်စုကျေးရွာမှ ကြက်သွန်နီပွဲရုံပိုင်ရှင် ဒေါ်ရှမ်းမက ပြောပြခဲ့သည်။

"ကြက်သွန်နီ စိုက်တဲ့နေရာမှာ မျိုးစေ့ချစိုက်ပျိုးခြင်း၊ ပျိုးပင်ချစိုက်ပျိုးခြင်း၊ တိုက်ရိုက်ဥချစိုက်ပျိုးခြင်းဆိုပြီး သုံးမျိုးရှိတယ်ရှင့်၊ ကြက်သွန်နီစိုက်ပျိုးစရိတ်က မြေယာပြုပြင်တာက စပြီး ရောင်းချဖို့ အိမ်အရောက်ဆိုရင် တစ်ဧကကို သုံးသိန်းကနေ ငါးသိန်းအထိရှိတယ်။ မျိုးစေ့ချစိုက်ရင် လေးလကြာတတ်ပြီး ပျိုးပင်ချစိုက်တာနဲ့ ဥချစိုက်ရင် သုံးလကြာပါတယ်။ အရင်က ကြက်သွန်မျိုးကို မြို့တွင်းက စိုက်ပျိုးရေးဆိုင်တွေက ဝယ်ခဲ့ရပေမယ့် အခုတော့ ကိုယ်တိုင်မျိုးစေ့ထုတ်ယူပါတယ်။ ကြက်သွန်နီဥ တိုက်ရိုက်ချစိုက်တာက ကြက်သွန်ဖူးပါ ရောင်းချရပေမယ့် ကျန်တဲ့စိုက်နည်းတွေနဲ့ ယှဉ်ရင် ကြက်သွန်နီဥနှုန်းက သုံးပုံတစ်ပုံနီးပါးလျော့တယ်။ ဒါပေမယ့် ဈေးကွက်ရာသီအမီ မြန်မြန်စိုက် ပြန်ရောင်းချင်တော့ ဥကို တိုက်ရိုက်ချစိုက်ပျိုးကြတာ။ ဒါမှလည်း ဈေးကောင်းမိပြီး ကြက်သွန်စိုက်တောင်သူတွေ ထင်ထားတာထက် ပိုမြတ်တဲ့နှစ်တွေ ကြုံတွေ့ခံစားဝမ်းသာပျော်မြူးနေကြတာပေါ့ရှင်" ဟု ထပ်မံရှင်းပြခဲ့သည်။ **မင်းမင်းဇော်**

ဆီးချိုသွေးချိုဝေဒနာရှင်များ နဂါးမောက်သီး စိုက်ပျိုးစားသုံးကြပါစို့

ရမည်းသင်းမြို့ မြန်မာ့စိုက်ပျိုးရေးရုံး(မြို့နယ်)ရုံးဝင်းတွင် နဂါးမောက်ပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြားသိရသဖြင့် စာရေးသူသည် အဆိုပါရုံးသို့ သွားရောက်ကာ တာဝန်ရှိဝန်ထမ်းတစ်ဦးနှင့်တွေ့ဆုံပြီး နဂါးမောက်ပင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများကို မေးမြန်းခဲ့သည်။

ရှင်းပြ

နဂါးမောက်မျိုးတစ်ပင်ကို ငွေကျပ် ၅၀၀ ဖြင့် ပုပ္ပား၊ မိတ္ထီလာခြံများမှ အပင် ၂၀၀ ဝယ်ယူပြီး ဝန်ထမ်းသက်သာဖြင့် ရုံး၏ အနောက်မြောက်ဘက်တွင် စိုက်ပျိုးထားကြောင်း၊ တစ်ပေပတ်လည် နှစ်ပေအနက်ကျင်းများတူးပြီး တစ်ပင်နှင့်တစ်ပင် တစ်ပေအကွာတွင် နွားချေးမြေဩဇာများထည့်ကာ စိုက်ပျိုးထားကြောင်း၊ မြေတစ်ဧကတွင် အပင် ၆၀၀၊ ၇၀၀ ခန့် စိုက်၍ရကြောင်း၊ ပြာသိုလတွင် စိုက်ပျိုးခဲ့ပြီး ကိုးလအကြာ အသီးစတင် သီးကြောင်း၊ စသီးရင် နှစ်လုံး သုံးလုံးခန့်သီးကာ နောက်ပိုင်းတွင် အသီးများများသီးကြောင်း ရှင်းပြသည်။

စိုက်ပျိုးအောင်မြင်

အသီးတွင် အနီသီး၊ အဖြူသီး နှစ်မျိုးရှိရာ နှစ်မျိုးစလုံးစားကောင်းကြောင်း၊ ယင်းအသီးကို မကြာခဏ စားပေးပါက ဝမ်းထဲရှိ အဆိပ်အတောက်များကြေနိုင်စွမ်းရှိပြီး (ဆီးချိုနှင့် သွေးတိုး)ရောဂါရှိသူများအတွက် ကျန်းမာရေးများ ကောင်းမွန်သဖြင့် စိုက်ပျိုးဝယ်ယူစားသုံးသင့်ကြောင်း သိရသည်။ မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် နဂါးမောက်ပင်များ စတင်စိုက်ပျိုးအောင်မြင်နေပြီဖြစ်ကြောင်း သိရသည်။

တွေ့ဆုံမေးမြန်း-သတင်းထောက်ညွှန့်ရွှေ

(ဝ၁၁)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၂-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆း၂၅ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပပုံတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
- ၇း၂၀ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၇း၃၀ နံနက်ခင်းသတင်း
- ၈း၂၀ **တို့ခြံထဲမှာ ခုတော့ဖြင့် ပျော်စရာ** ရဲအောင်၊ ကိုကိုလင်းမောင်၊ မေသန်းနု၊ ယမင်းကိုကို (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)

ညပိုင်း

- ၄း၀၀ ရုပ်မြင်သံကြားအဖွင့်တေး
- ၄း၁၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)(ရူပဗေဒ)
- ၅း၂၅ မေ့၍မရသော ပြည်ထောင်စု သီချင်းများ
- ၅း၃၅ SEA GAMES (Go For Gold) (တင်းနစ်)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၂၀ ဆိုလိုက်ကြစို့
- ၇း၀၀ ပြည်တွင်းသတင်း
- ၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှမငြီးတဲ့ ချစ်သမီး** (ဒုတိယတွဲ) (အပိုင်း-၁၉)
- ၈း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - ချိုမြိန်ရသာမုန့်ကမ္ဘာ
  - **တိုင်းရင်းသားများ ရိုင်းပင်းထား တွဲလက်ညီညီတည်ထောင်ပြု ဒီမိုကရေစီပြည်ထောင်စု** (၂၀၁၃) ခုနှစ်၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၁၀း၀၀ ပြည်တွင်းသတင်း
  - အိန္ဒိယရုပ်ရှင် **ဝိညာဉ်ရှိကိသံ** (အပိုင်း-၂) (ဇာတ်သိမ်း)

အားကစားမှုင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ဆိုင်ကယ်စီးနင်းခွင့် ထပ်မံတိုးမြှင့်ခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယခင်က လုပ်ငန်းလိုအပ်ချက်အရ မော်တော်ဆိုင်ကယ်စီးနင်းခွင့်ကို လျှပ်စစ်ဝန်ကြီးဌာနနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီနှစ်ခုကိုသာ ခွင့်ပြုထားရာမှ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖေဖော်ဝါရီလဆန်းမှစတင်ကာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီး ကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကိုပါ ထပ်မံစီးနင်း ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့သို့ဝင်ရောက်သတင်းစုံစမ်းခဲ့ရာ ရဲတပ်ဖွဲ့ဝင်များအား အဖြူရောင်ဆိုင်ကယ်တွင် နောက်၌တိုင်အမြင့်ဖြင့် အချက်ပြမီးနီတပ်ဆင်လျက် စီးနင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

ယခင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့တော်စည်ပင်သာယာရေးကော်မတီ၌ စီးနင်းခွင့်ရ ဆိုင်ကယ် ၃၃ စီး၊ လျှပ်စစ်ဝန်ကြီးဌာနတွင် စီးနင်းခွင့်ရ ဆိုင်ကယ် ၆၅စီး စီးနင်းခွင့်ပြုထားကြောင်းသိရပြီး အရောင်မှာ သုံးဘီးကားရောင်ဖြစ်သည်။

ယခုကဲ့သို့ ရဲတပ်ဖွဲ့ဝင်များအား မော်တော်ဆိုင်ကယ် စီးနင်းခွင့်ပြုလိုက်သည့်အတွက် မှုခင်းဖြစ်ရာသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက်နိုင်ပြီး ဆောင်ရွက်နိုင်သကဲ့သို့ လုံခြုံရေးအတွက် လှည့်ကင်းများဆောင်ရွက်ရာ၌ ပိုမိုလှုပ်ပတ်နိုင်ပြီး မှုခင်းကျဆင်းရေးအတွက်များစွာ အထောက်အပံ့ဖြစ်လာနိုင်ပေသည်။

သို့သော် ရန်ကုန်မြို့တော်တွင် ရောင်တော်ပြန် ဆိုင်ကယ်စီးနင်းသူများ များပြားစွာရှိနေပေသည်။ မော်တော်ဆိုင်ကယ်မစီးနင်းရဟု ဟူသော ဥပဒေကို မလိုက်နာသည့်အပြင် မိမိတို့ အန္တရာယ်ကို အကာအကွယ်ပေးမည့် မော်တော်ဆိုင်ကယ်စီး ဦးထုပ်ကိုပင် မဆောင်းကြပါ။ ရပ်ကွက်အတွင်း တဝီဝီ လွန်းထိုးနေကြသည်။ အမျိုးသားများပင်မက အမျိုးသမီးအချို့ပင် အတင့်ရဲစွာ စီးနင်းနေကြသည့် မြင်ကွင်းက နေ့စဉ်နှင့်အမျှပင်ဖြစ်ပါသည်။ ထိုသို့သော ရောင်တော်ပြန် မော်တော်ဆိုင် ကယ်စီးနင်းသူများကို သက်ဆိုင်ရာတို့အနေဖြင့် ထိထိရောက်ရောက် အရေးယူသင့်သည်။ သို့မဟုတ်ပါက ဆိုင်ကယ်မြို့တော်ကြီးအဖြစ် ရောက်သွား နိုင်ပေသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကျောက်မဲမြို့ သမရက္ခိတအသင်း သက်ကြီးပူဇော်

ကျောက်မဲ ဖေဖော်ဝါရီ ၁၁

ကျောက်မဲမြို့ပေါ်ရှိ ရပ်ကွက်ပေါင်းစုံမှ လူငယ်မောင်မယ်များဖြင့် ဖွဲ့စည်းခဲ့သော သမရက္ခိတ လူမှုကူညီရေးအသင်း (၁)နှစ်မြောက် အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ကျောက်မဲ အမှတ် (၈)ရပ်ကွက်ရှိ မိုးကောင်း ဘုန်းတော်ကြီးကျောင်းတိုက်တွင် ဇန်နဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် ပရိသတ်များက သမရက္ခိတ လူမှုကူညီရေးအသင်း နာယက ဆရာတော် (မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးဆောင်) ဆရာတော် ဘဒ္ဒန္တကေလသထံ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းပူဇော်ကန်တော့ကြပြီး ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မြို့ပေါ်ရှိ ဆင်းရဲနွမ်းပါး အဘိုးအဘွား ၃၅ ဦးတို့အား ၁၅ သိန်းဖိုးရှိ ထောက်ပံ့ငွေနှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ ကန်တော့ခံ အဘိုးအဘွားများထဲတွင် အသက် ၁၀၆ နှစ်ရှိ ပန်ဟပ်ရွာနေ ကချင်အဘွားအို ဒေါ်နန်းနိုင်းမွင်းပါဝင်သည်ကို တွေ့ရသည်။

မိမိတို့ သမရက္ခိတလူမှုကူညီရေးအသင်းကို အသင်းသား ၅၄ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယနေ့ အသင်းသားပေါင်း ၇၀၉ ဦးရှိပြီဖြစ်ကြောင်း၊ အသင်းသားတစ်ဦးလျှင် လစဉ်ရန်ပုံငွေ ၁၀၀၀ကျပ်နှုန်းဖြင့် ထည့်ဝင်စုဆောင်းခဲ့ကြောင်း၊ မိမိတို့အသင်းမှ ယနေ့အထိ ဆင်းရဲနွမ်းပါး အဘိုးအဘွားများအပါအဝင် လူမှုရေးလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခဲ့သည့်ငွေပေါင်းမှာ ၅၈ သိန်းကျော်ပြီဖြစ်ကြောင်း၊ သုံးလအတွင်း အခမဲ့ အောက်စီဂျင် ၂၅သိန်းကျော်ဖိုး လှူဒါန်းခဲ့ကြောင်းဖြင့် အသင်းမှ တာဝန်ရှိသူ ကိုကျော်သိန်းက ရှင်းပြသည်။

မောင်မောင်(ကျောက်မဲ)

တစ်နိုင်ငံလုံးတွင်အအေးပေါ့မည်

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ပူတာအိုမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၀၂ လက်မနှင့် ထားဝယ်မြို့တွင် ၀ ဒသမ ၄၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အအေးပေါ့နေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

စည်းကမ်းမဲ့ယာဉ်ရပ်တန့်မှုတွေ့ရှိက သတင်းပေးကူညီပါ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဖေဖော်ဝါရီ ၁၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ သတိပေးနှိုးဆော်ချက်တစ်ရပ်ကို ဖတ်ရှုလိုက်ရာ ယာဉ်စည်းကမ်းလိုက်နာမှုအတွက် အရှိန်အဟုန်မြှင့်တင်ဟု ဆိုနိုင်သော်လည်း ပြည်သူများအပေါ် တာဝန်ပေးသကဲ့သို့ ဖြစ်နေသည်ဟု ရန်ကုန်မြို့နေသူများက ဆိုသည်။

အကြောင်းအမျိုးမျိုးကြောင့် လမ်းလယ်တွင် ရပ်တန့်ခြင်း၊ ယာဉ်ကြောနှင့်ကပ်ရပ်ခြင်း၊ လမ်းပိတ်ရပ်ခြင်း၊ ဖြူနီကျားရပ်ခြင်း၊ လမ်းထောင့်ကွေးတွင် ရပ်ခြင်းများ ပြုလုပ်နေသော မော်တော်ယာဉ်များ တွေ့ရှိပါက သတိပေးနှိုးဆော်စာတွင် မြို့နယ်များအလိုက် သတ်မှတ်ထားသော ဖုန်းနံပါတ်သို့ ဆက်သွယ် သတင်းပေးနိုင်ကြောင်း ဖတ်ရှုလိုက်ရာ သတင်းပေးချိန်နှင့် လာရောက်ဆွဲယူမည့် ကရိန်းလာမည့်အချိန်တွင် အချိန်ကွာခြားမှုတွင် အဆိုပါ ယာဉ်များမောင်းထွက်သွားပါက သတင်းပေးသူအပေါ် တာဝန်ရှိလာနိုင်သဖြင့် ယင်းသို့သော စည်းကမ်းမဲ့မှုများကို ပြည်သူအများ တိုင်ကြားနိုင်ရန် အခွင့်အလမ်းနည်းပါးကြောင်း။

ရန်ကုန်မြို့တွင်း နေရာအနှံ့တွင် မြို့တော်စည်ပင်သာယာရေးမှ အပြာဝတ်ဝန်ထမ်းများ၊ နယ်မြေရဲ၊ စည်ပင်ရဲစသည့် နိုင်ငံ့ဝန်ထမ်းများရှိနေရာ ယင်းသို့သောပုဂ္ဂိုလ်များက သတင်းပို့လျှင် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ အချို့သော စီးပွားရေးနယ်မြေဝင်းများအတွင်းရှိ ယာဉ်ရှင် ပုဂ္ဂလိကဝန်ထမ်းအချို့အနေဖြင့် ပိုင်ရှင်ခေါ်၍မရသော စည်းကမ်းမဲ့ ယာဉ်အချို့ကို မှတ်သားဖမ်းဆီးသည့်အနေဖြင့် ယာဉ်နံပတ်ဖြုတ်မိသည့်အခါ သက်ဆိုင်ရာ ယာဉ်ပိုင်ရှင်မှခိုးမှုဖြင့် တိုင်ချက်ဖွင့် အရေးယူခြင်းရှိခဲ့ရာ ပြည်သူများအနေဖြင့် စည်းကမ်းမဲ့ယာဉ်များအပေါ် သတင်းပေး တိုင်ကြားနိုင်သော်လည်း တိုင်ကြားပြီးနောက် အဆိုပါယာဉ် ထွက်ခွာသွားလျှင် မိမိသတင်းပေးမှုအပေါ် ပြန်လည်အရေးယူ ခံရနိုင်ဖွယ်ရှိသည်ဟု စိုးရိမ်စိတ်များ ဖြစ်ပေါ်နေသည်ဟု ဆိုကြပါသည်။

တာဝန်ရှိ နိုင်ငံ့ဝန်ထမ်းများက သတင်းပေးတိုင်ကြားမှုနှင့်အတူ တားဆီးနိုင်ခွင့်ရှိသည့်အတွက် နေရာအနှံ့ရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယာဉ်လမ်းစည်းကမ်း ထိန်းသိမ်းရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်မှုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီသတင်းပေးမှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ စံပြအနေဖြင့် အရေးယူမှုထိရောက်စွာ ဆောင်ရွက်နိုင်လျှင် ယာဉ်ပိုင်ရှင် ယာဉ်မောင်းများ ယာဉ်စည်းကမ်းလိုက်နာမှု ပိုလာပြီး စည်းကမ်းမဲ့ ရပ်တန့်မှု အလေ့အထ နည်းသွားနိုင်သည်ဟု ခရီးသွားလမ်းအသုံးပြုသူများက ဆိုသည်။

(ခင်ဆိုင်)

တရားမဝင်ပိုက်ထောင်သူများကို ဖမ်းဆီးအရေးယူ

ဘိုကလေး ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု ငါးပုတ်သင်တန်းကျေးရွာတွင် ဖေဖော်ဝါရီ ၆ ရက်က တင်ဒါလိုင်စင်ခွင့်ပြုမိန့် ချမထားသောနေရာ၌ ပိုက်တန်းများစီ၍ ပိုက်ထောင်နေသူများကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများက ဝင်ရောက်စစ်ဆေးပြီးပိုက် ၁၀ ဖုံ့ အနက် သက်သေခံပစ္စည်း ပိုက်သုံးဖုံ့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဝင်ရောက်ဖမ်းဆီး

ဖြစ်စဉ်မှာ ငါးပုတ်သင်တန်းတွင် လိုင်စင်မရှိ ပိုက်ထောင်နေသူများကို မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်စန်းဝင်းက အကြိမ်ကြိမ် ခေါ်ယူသော်လည်းမလာ၊ တားမြစ်သော်လည်း ဆက်လက်လုပ်ကိုင်နေသဖြင့် ပိုက်ချက်ဆွဲဝယ်ယူရရှိသူ ဦးစန်းငွေ၏ တိုင်ကြားချက်ဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ တရားမဝင်ပိုက်ထောင်နေသော ရေလုပ်သားများမှာ ထွန်းထွန်း၊ လှကျော်၊ တင်စန်း အပါအဝင် ရှစ်ဦးဖြစ်ပြီး ဘိုကလေးမြို့နေ ချောင်းပွဲစားတို့၏ ရေလုပ်သားများဖြစ်ကြောင်းသိရှိရသည်။ **(အပေါ်ပုံ)**

(၀၈၇)

ဇာတ်မင်းသမီးအဝတ်လဲခန်းထဲ ဝင်ရောက်သူအား ဖမ်းဆီးအရေးယူ

ပုသိမ် ဖေဖော်ဝါရီ ၁၁

ဖြစ်စဉ်မှာ ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက် ပန်းတင်ကုန်းရပ်၌ နိဗ္ဗာန်ဓာတ်ပြဒါတ်ပေးဘုရားပွဲတွင် မျိုးဆက်သစ်ဇာတ်သဘင်ပွဲဖြင့် ဖေဖော်ဝါရီ ၆ ရက်ညတွင် ညလုံးပေါက် ကပြလျက်ရှိရာ ည ၉ နာရီခန့်တွင် ဇာတ်ရုံနောက်ဘက် ဇာတ်မင်းသမီးများ အဝတ်အစားလဲနေသည့် အခန်းအတွင်းသို့ ပန်းတင်ကုန်းရပ် (၂)လမ်းနေ သူရိန်ဝင်း(ခ) ဒီဂျေ ၂၃ နှစ်ဆိုသူက ဝင်ရောက်နှောင့်ယှက်နေသဖြင့် ဇာတ်တာဝန်ခံမှ လုံခြုံရေးအဖွဲ့သို့ အကြောင်းကြားသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ချစ်၊ နယ်မြေမှူး ဦးတင်လှနှင့် အသည်းကြီးရဲစခန်းမှ လုံခြုံရေးတာဝန်ကျ ဒုရဲအုပ်မျိုးဇော်နှင့် အဖွဲ့ဝင်ငါးဦးတို့သည် မင်းသမီးများ အဝတ်အစားလဲသည့်အခန်းတွင် ဝင်ရောက်နှောင့်ယှက်သူ သူရိန်ဝင်း(ခ)ဒီဂျေအား အခန်းအပြင်သို့ ထွက်ပေးရန်ပြောဆိုသည်။

ထိုစဉ် သူရိန်ဝင်းက မကျေမနပ်ဖြင့် ဇာတ်ရုံအပြင်သို့ ထွက်ခွာလာပြီး အုတ်ခဲတစ်လုံး၊ ကော်ပြာရောင်အရိုးတပ်အသွား ရှစ်လက်မခန့် စတီးဓားတစ်ချောင်း ယူဆောင်လာပြီး ဒုရဲအုပ်မျိုးဇော်၏ ဦးခေါင်းကို အုတ်ခဲဖြင့်ထုရာ ဝဲချိုစောင်းပေါက်ပြဒဏ်ရာတစ်ချက်၊ ယာလက်ခလယ်ဖူးရောင်ဒဏ်ရာရရှိသွားစဉ် သူရိန်ဝင်းက စတီးဓားဖြင့် ထပ်ဆင့်ထိုးရန်ပြုလုပ်သဖြင့် လုံခြုံရေးအဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးကာ အမှုဖွင့်အရေးယူထားသည်။

(၀၇၇)

ပိုးသတ်ဆေးသောက်ပြီး သေကြောင်းကြံစည်မှု ညောင်တုန်းမြို့၌ဖြစ်ပွား

ညောင်တုန်း ဖေဖော်ဝါရီ ၁၁

ညောင်တုန်းမြို့နယ် ငွေသောင်ယံကျေးရွာနေ အောင်ဝင်း ၄၃ နှစ်သည် ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခန့်က ၎င်း၏ နေအိမ်အနောက်ဘက်ပြောင်းခင်းထဲ၌ ပါးစပ်မှသွားရည်များ စီးကျပြီး ဝမ်းသွားလျက် လဲကျနေသည်။

၎င်းကိုယ်မှ ပိုးသတ်ဆေးအနံ့များ နံစော်နေပြီး အနီး၌ ရွက်ဖျန်းပိုးသတ်ဆေး အခွံတစ်လုံးတွေ့ရှိရသဖြင့် အောင်ဝင်း၏ ညီဖြစ်သူ အောင်စိုးက ညောင်တုန်းဆေးရုံသို့ တင်ပို့ကုသကြောင်း သတင်းရရှိသဖြင့် ညောင်တုန်းရဲစခန်းမှ ဒုရဲအုပ်ဝေမင်းနှင့်အဖွဲ့သည် အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ပြင်ပဒဏ်ရာမရှိ ပိုးသတ်ဆေးသောက်ပြီး ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်ကြောင်းသိရှိရ၍ အောင်ဝင်းအား အရေးယူထားရှိကြောင်း သိရသည်။

(ပုသိမ်လှကြည်)

မှုခင်းကျဆင်းရေးပညာပေးဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မှုခင်းအသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်း၊ ဒုမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဘိုးဟန်၊ ရေဆင်းစခန်းမှူး ရဲအုပ်မင်းဆွေနှင့် ယာဉ်ထိန်း ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ်ရန်နိုင်တို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေး ပညာပေးဟောပြောခဲ့ကြသည်။ ပညာပေးဟောပြောပွဲတွင် လူကုန်ကူးမှု အဓိပ္ပာယ်နှင့် အရေးယူဆောင်ရွက်မှုများသိရှိစေရန် လူကုန်ကူးခံရသူများ၏ ရင်နှင့်ဖွယ်ဖြစ်စဉ်များချပြပြီး လူကုန်ကူးမခံရစေရေးအတွက် တားဆီးကာကွယ်နိုင်ရန်၊ တစ်မျိုးသားလုံး မူးယစ်ကင်းစင်ပြီး ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသည် မူးယစ်ကင်းစင်သော နိုင်ငံဖြစ်စေရန်နှင့် ကျောင်းသားထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဘေးထွက်ဆိုးကျိုးများကို သိရှိစေရန်၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပိုမိုလိုက်နာတတ်စေရန်လမ်းညွှန်/ အမိန့်ပေး အမှတ်အသားများ သိရှိနားလည်စေရန်နှင့် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာတတ်စေရန် ရည်ရွယ်၍ဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ရဲတပ်ဖွဲ့)

အားကစားနှင့်ဆောင်းပါး

ရတနာပုံအသင်းနှင့် ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရိုဆာဆနာအသင်းတို့ ယနေ့ ခြေစမ်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရိုဆာဆနာ အသင်းသည် မြန်မာနိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ရောက်ရှိနေပြီဖြစ်ပြီး ပထမပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်(ယနေ့) ညနေ ၄ နာရီခွဲတွင် မန္တလေးမြို့ရှိ ဗထူးကွင်း၌ MNL ကလပ်ရတနာပုံအသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ဘီအီးစီတယ်ရိုဆာဆနာ အသင်းသည် ၂၀၁၃ ထိုင်းပရီမီယာလိဂ်အတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခြေစမ်းခြင်း ဖြစ်သည်။ တယ်ရိုဆာဆနာအသင်းသည် ရတနာပုံအသင်းအပါအဝင် MNL ကလပ် အသင်းများဖြစ်သည့် ရန်ကုန်၊ ဧရာဝတီအသင်းတို့နှင့်လည်း ခြေစမ်းကစားမည် ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် သုဝဏ္ဏကွင်း၌ ဧရာဝတီယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ တယ်ရိုဆာဆနာအသင်းသည် MNL ကလပ်အသင်းများနှင့် မကြာခဏခြေစမ်းနေသည့် အသင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းက မြန်မာနိုင်ငံသို့ ခြေစမ်းခရီးစဉ် လာရောက်ရာတွင် ရလဒ်ကောင်းများ ရရှိခဲ့သည်။ ယခုခြေစမ်းမည့် အသင်းများနှင့်ပင် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ဧရာဝတီကို ငါးဂိုး-တစ်ဂိုး၊ ရတနာပုံကို နှစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်ကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် တယ်ရိုဆာဆနာအသင်းက သုံးပွဲစလုံး အနိုင်ရရှိခဲ့သည်။

တယ်ရိုဆာဆနာ အသင်းသည် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ဖေဖော်ဝါရီ ၁၀ ရက်က ထိုင်းနိုင်ငံမှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာပြီး ယင်းနေ့ညနေပိုင်းမှာပင် ဗထူးကွင်း၌ လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

ပါဝင်ကစား

တယ်ရိုဆာဆနာ အသင်းတွင် အုပ်ချုပ်နည်းပြအဖွဲ့ဝင် ၁၅ ဦး၊ ကစားသမား၂၄ဦး လိုက်ပါလာပြီး လက်ရှိ ထိုင်းလက်ရွေးစင်ဟောင်း ကစားသမားများလည်း ပါဝင်လာခဲ့သည်။ အထွေထွေမန်နေဂျာအဖြစ် ရတနာပုံအသင်း၏ နည်းစနစ်ဒါရိုက်တာ မစ္စတာရောဘတ်က ဆောင်ရွက်နေပြီး နိုင်ငံခြားသား ကစားသမားများအဖြစ် ဘရာဇီး၊ ပြင်သစ်၊ စပိန်၊ ဂါနာ၊ ဂျပန်နှင့် လက်ဘနွန်ကစားသမားများ ပါဝင်ကစားလျက်ရှိပါကြောင်း။

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်

လေ့ကျင့်မှုများ ပြုလုပ်နေသည့် တယ်ရိုဆာဆနာအသင်း။

မန်ယူတို့ ၁၂ မှတ်ဖြတ်ထားနိုင်ပြီ

အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၀ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မန်ယူက အိမ်ကွင်း၌ အဲဗာတန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အမှတ်ပေးဇယားထိပ်ဆုံး၌ ၁၂ မှတ်အသာရရှိထားပြီဖြစ်သည်။ ယခု သီတင်းပတ် ပွဲစဉ်တွင် မြို့ခံပြိုင်ဘက် မန်စီးတီးက ဆောက်သမ်တန်ကို ရှုံးနိမ့်သွားသဖြင့် မန်ယူတို့ ၁၂ မှတ်အသာရခဲ့ခြင်းဖြစ်သည်။ မန်ယူအတွက် အနိုင်ဂိုးနှစ်ဂိုးကို ဂစ်နှင့် ဗန်ပါစီတို့က သွင်းယူပေးခဲ့သည်။ မန်ယူတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် အကြိမ် (၂၀) မြောက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးရန် နီးစပ်သွားပြီ ဖြစ်သည်။



နိုင်ဂျီးရီးယား တတိယအကြိမ် ဖလားဆွတ်ခူး

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို နိုင်ဂျီးရီးယားနှင့် ဘာကီနာဖာဆိုတို့ ဖေဖော်ဝါရီ ၁၀ ရက်က တောင်အာဖရိကနိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ နိုင်ဂျီးရီးယားက တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ဖလားဆွတ်ခူးခဲ့သည်။ နိုင်ဂျီးရီးယားအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို အမ်ဘာက ပွဲချိန်မိနစ် ၄၀ တွင် သွင်းယူခဲ့သည်။ ယင်းဖလားသည် နိုင်ဂျီးရီးယားတို့အတွက် တတိယအကြိမ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မက်ဆီနှင့် ကစားဖော်များ ဂီတာဖေးကို ဂိုးပြတ်သွင်း

စပိန်လာလီဂါပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၀ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက အိမ်ကွင်းနူးကင့်မြို့၌ ဂီတာဖေးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ပွဲစပြီး ခြောက်မိနစ်အကြာ အိမ်ရှင်အသင်းအတွက် ဆန်ချက်ဇ်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသည် ၎င်း၏ ၁၀ လအတွင်း ပထမဆုံးသွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးသွင်းပြီးမကြာမီ တိုက်စစ်မှူး မက်ဆီက ဘာစီလိုနာအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၅၈ မိနစ်တွင် ဒေးဗစ်ဗီလာက နိုဝင်ဘာလနောက်ပိုင်း ပထမဆုံးဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာက သုံးဂိုးအသာရပြီး ဂီတာဖေးကို ဦးဆောင်ကစားခဲ့သည်။ လူစားဝင်လာသူ တယ်လိုက မက်ဆီဖြတ်တင်ပေးလိုက်သော ဘောလုံးမှတစ်ဆင့် ဘာစီလိုနာအတွက် စတုတ္ထမြောက်ဂိုးသွင်းယူခဲ့သည်။ အသက် ၂၁ နှစ်အောက် စပိန်လူငယ်ဘောလုံးသမား ဘက်စ်ကွက်က ဂီတာဖေးအတွက် တစ်လုံးတည်းသော ချေပဂိုးသွင်းယူခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

အချိန်မီသွားဖာခြင်း

ဆောင်းပါး
သုခအောင်



ဤခေါင်းစဉ်လေးနှင့် ၂၀၁၄ စက်တင်ဘာလထုတ် အာရောဂျံ မဂ္ဂဇင်းတွင် သွားကျန်းမာရေး ဆောင်းပါးရေးခဲ့ပါသည်။ ရှစ်နှစ်ကျော်ကာလအတွင်း လူအများ အချိန်မီသွားဖာသည့် အကျင့်မရရှိသေးကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် လူအများပိုမိုသိရှိရန် မည်သို့လုပ်ဆောင်ရပါမည်နည်းဟု စဉ်းစားနေစဉ် "အမြို့မြို့ အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ" ဟူသော ဆောင်ပုဒ်ကြောင့် ကျွန်တော်၏ ဆောင်းပါးကို ရေးသားမှုပုံစံပြောင်း၍ ထပ်မံတင်ပြရခြင်း ဖြစ်ပါသည်။

"အချိန်မီ"ဆိုသောစကားလေးသည် လူတိုင်းနှင့် ကျွမ်းဝင်ရင်းနှီးပြီးသားဖြစ်ပါသည်။ ငယ်စဉ် ကလေးဘဝ အိပ်ရာထနောက်ကျ၍ ကျောင်းချိန်မီရန် ပြေးခဲ့ရသည်ကို ပြန်သတိရနိုင်ပါသည်။ တောရွာများတွင် မြွေကိုက်ခံရ၍ မြို့ဆေးရုံသို့ပို့ရာ အချိန်မမီသဖြင့် အသက်ဆုံးရှုံးကြရသည်လည်း ကြားသိဖူးကြပေမည်။ မြန်မာ့သမိုင်းတွင်လည်း မြင်းခံပြည့်အချိန်မီသတင်းမပို့ခဲ့၍ ရှင်ဘုရင်မှသတ်ရန် အမိန့်ချမှတ်ခံခဲ့ရသော်လည်း ဦးဆွေးဆံမြည့်တာဝန်ထမ်းဆောင်ခဲ့ကြောင်း ပြန်လည်လျှောက်ထားသဖြင့် အသက်ချမ်းသာရခဲ့ခြင်း ဖြစ်ပါသည်။ ကမ္ဘာကျော်စစ်ဗိုလ်ချုပ်ကြီး နပိုလီယံ၏ နေမင်းကြီးကိုဆွဲထားလို့ရလျှင် ဆွဲထားချင်သည်ဆိုသော စကားသည် အချိန်မီလိုသော ဆန္ဒဖြစ်ပေသည်။

ယခုကျွန်တော်တင်ပြမည့် အချိန်မီသွားဖာခြင်းဆိုသည်မှာ သွားတစ်ချောင်းမဆုံးရှုံးစေရန်၊ တစ်နည်းဆိုသော် သွားမနုတ်ရအောင် ကြိုတင်ကုသခြင်း ဖြစ်ပါသည်။

ပြန်လည်အသုံးပြုနိုင်

သွားဖာခြင်းဆိုသည်မှာ သွားပိုးစားရောဂါကြောင့် ပျက်စီးဆုံးရှုံးသွားသော တစ်သျှူးများကို ပြန်လည်အစားထိုး သွားဖြည့်တင်းပေးခြင်း ဖြစ်ပါသည်။ အချိန်မီသွားဖာခွင့်ရသောသွားတစ်ချောင်းသည် ဆယ်စုနှစ်တစ်စုခန့်ထိလည်း ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

အချိန်မီ သွားဖာရန်အတွက် လူနာများသည် သွား၏ဖွဲ့စည်းတည်ဆောက်ပုံကို သိထားရန်လိုပါသည်။

သွားတွင် အလွှာသုံးလွှာရှိပါသည်။ အပေါ်ဆုံးကို အကြွေလွှာဟုခေါ်၍ နှစ်မီလီမီတာခန့်ထူပြီး အလွန်မာပါသည်။ ဒုတိယအလွှာကို အနှစ်လွှာဟုခေါ်၍ DENTINAL TUBULES (ခေါ်) ပြွန်ချောင်းလေးများဖြင့် တည်ဆောက်ထား၍ ပျော့ပါသည်။ တတိယအလွှာမှာ ခေါင်းပွဖြစ်၍ အာရုံကြောများ၊ သွေးကြောများ ရှိပါသည်။ သွားပိုးစားသောအပေါက်သည် အကြွေလွှာ တစ်ဝက်ခန့် ရောက်နေလျှင် သွားကျဉ်သည့်ဝေဒနာကို ခံစားရပါသည်။ (ပထမဆုံးပုံတွင် ပြထားပါသည်) ထိုအဆင့်တွင် သွားဆေးခန်းသို့ လာရောက်ကုသပါက ဆရာဝန်ဘက်မှလည်း အချိန်မီသွားဖာခွင့်ရပါမည်။ ထိုအဆင့်တွင် လူနာများ ကုသမှုမခံယူပါက ပိုးစားခြင်းသည် အနှစ်လွှာ၊ တတိယအလွှာတို့သို့ ရောက်ရှိ၍ သွားကိုက်ခြင်း၊ သွားဖုံးရောင်ပြည်တည်နာတို့ဖြစ်ပြီး လွယ်ကူစွာကုသနိုင်မည်မဟုတ်ချေ။

အချိန်မီသွားဖာကြပါလျှင် သွားကိုက်ဝေဒနာကြောင့် ညအိပ်ရေးပျက်ခြင်း၊ လုပ်ငန်းခွင်တွင် စိတ်အနှောင့်အယှက်ဖြစ်ခြင်းမှ ကင်းဝေးမည့်အပြင် သွားဆေးခန်းသို့ ခဏခဏသွားရသဖြင့် အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်း ဒုက္ခတို့မှလည်း ကင်းလွတ်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(သွားကျန်းမာရေး ဗဟုသုတ ပြည့်ဝကြပါစေ)



ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးမြင့်ဆွေ (ပြည်နယ်ပညာရေးမှူး၊ ငြိမ်း)-မေမေ ဒေါ်ဝင်းကြိုင် (အလပြ၊ အထက-၁ မကွေး)တို့၏ ၁၂-၂-၂၀၁၃ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာစွာဖြင့် ဘာသာအကျိုး၊ သာသနာအကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ-

ချစ်သော သမီး-ဆွေမာလှိုင်(MOFA ၊ နေပြည်တော်)
သား-သီဟဆွေ(မကွေးတက္ကသိုလ်)

(၁၉)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

၁၂-၂-၂၀၁၃ရက်တွင် ကျရောက်သော ချစ်ဖေဖေ ဦးမင်းလွင် (MD-ကျောက်နီမော်ကုမ္ပဏီ၊ ကော့သောင်း)နှင့် ချစ်မေမေ ဒေါ်ယဉ်ယဉ်ဌေး(အထပြ-ငြိမ်း၊ ကော့သောင်း)တို့၏ (၁၉)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝအဖော်မွန်ကောင်းတွေအဖြစ် ချစ်သောမိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တစ်ဦးတည်းသောချစ်သမီးလေး- မပိုးသန္တာမင်းလွင်
ခေတ္တ-ရန်ကုန်

နိုင်ငံတကာအားကစားသတင်း

ပရိသတ်အသည်းနှလုံးကို ဆွဲကိုင်လှုပ်ယမ်းမယ့် ချန်ပီယံလိဂ် ရှုံးထွက်ပွဲစဉ်များ

မိုးမြင့်လင်းလက်- ရေးသားသည်

ကမ္ဘာ့အကောင်းဆုံးဘောလုံးပြိုင်ပွဲတွေကို မျှော်လင့်စောင့်စားနေကြတဲ့ ပရိသတ်တွေအတွက် ပွဲကြီးပွဲကောင်းတွေအဖြစ် ဖေဖော်ဝါရီ ၁၃ ရက်နဲ့ ၁၄ ရက်တို့မှာ ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားကြတော့ မှာဖြစ်ပါတယ်။ ဝေဖန်မှု၊ သုံးသပ်မှုတွေနဲ့အတူ စိတ်ဝင်စားမှုတွေမြင့်တက်နေတဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေကတော့ လတ်ဆတ် တဲ့ယှဉ်ပြိုင်မှုတွေကို တိုက်ရိုက်ခံစားကြည့်ရှုနိုင်ဖို့ အိပ်ရေးပျက်ခံကြရဦးမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်းတွေ၊ ကစားသမားတွေနဲ့အတူ ပရိသတ်တွေ လိုက်ပါစီးမျောခံစားနိုင်ကြရဦးမှာတော့ သေချာနေပါတယ်။

ရီးရဲလ်မက်ဒရစ်နှင့် မန်ယူ

ဘာနေဗျူးကွင်းမှာ ပါဝါတူ နှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုက ပေါက်ကွဲမှုအသွင်ကို ပီပီပြင်ပြင် ထွက်ပေါ်လာစေမှာ ဖြစ်ပါတယ်။ မန်ယူကိုချစ်ပေမယ့် တိုက်စစ်ဆင်မှုကို လျှော့ချမှာမဟုတ်တဲ့ စီရိုနယ်ဒိုနဲ့ ပရီမီယာလိဂ်မှာ အထက်မြက်ဆုံး တိုက်စစ်တွေဖြစ်တဲ့ ဗန်ပါစီနဲ့ရွန်နေတို့ အားပြိုင်ထိုးဖောက်မှုတွေ မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ ဆုံတွေ့မှုမှတ်တမ်းကိုကြည့်ရင် နောက်ဆုံးငါးပွဲရလဒ်က မန်ယူတို့ သိသိသာသာတော့ အသာစီးမရခဲ့ပါဘူး။ ဒါပေမယ့် ပရီမီယာလိဂ်မှာ စိတ်အေးရနိုင်တဲ့ အမှတ်ကွာဟမှုရှိနေပြီမို့ မန်ယူဟာ ချန်ပီယံလိဂ်ဖလားကို အာရုံစိုက်လို့ရနေပြီဖြစ်ပါတယ်။ ရီးရဲလ်မက်ဒရစ်ဟာ တိုက်စစ်အားသန်တာမို့ ဒီပွဲမှာလည်း တိုက်စစ်ဖွင့်ပြီး မြန်နှုန်းမြင့်ကစားပါလိမ့်မယ်။ လျှင်မြန်လွန်းတဲ့ ရီးရဲလ်မက်ဒရစ်တိုက်စစ်အားကို မန်ယူခံစစ်မှူးတွေ ဟန့်တားထိန်းချုပ်နိုင်စွမ်း ရှိ မရှိ ကြည့်ရမှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့တိုက်ပွဲက ဆူဝေပြင်းထန်မှာတော့ သေချာနေပါတယ်။

ဆဲလ်တစ်နှင့် ဂျူဗင်တပ်စ်

ဆဲလ်တစ်ပတ်စ်ကွင်းမှာ ကစားမယ့် ဆဲလ်တစ်နဲ့ ဂျူဗင်တပ်စ်တို့ အဟုန်ပြင်းစွာ ရင်ဆိုင်တွေ့ကြမယ့် ပွဲစဉ်ဖြစ်ပါတယ်။ ဒီချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေမှာ အိမ်ကွင်းရှုံးပွဲမရှိတဲ့ ဆဲလ်တစ်ဟာ အဲဒီမှတ်တမ်းဟောင်းကိုဆက်ထိန်းဖို့အတွက် ပြိုင်ဘက်က ဂျူဗင်တပ်စ်ဖြစ်နေတာမို့ ခက်ခဲမှာတော့အမှန်ပါပဲ။ လက်ရှိ ခြေစွမ်းအရ ဆဲလ်တစ်တို့က နိုင်ပွဲတွေဆက်တိုက်ရယူနိုင်နေပြီး ဂျူဗင်တပ်စ်တို့ကတော့ ရှုံးပွဲ၊ နိုင်ပွဲ၊ သရေပွဲတွေနဲ့ လုံးထွေးနေတာမို့ အိမ်ကွင်းခက်ထန်တဲ့ ဆဲလ်တစ်ရဲ့ဧည့်ခံမှုအောက်မှာ ဂျူဗင်တပ်စ်တို့ အသက်ရှူမှားအောင် ရုန်းကန်ရပါလိမ့်မယ်။ ဂျူဗင်တပ်စ်ခံစစ်ဟာ မာကျောတောင့်တင်းတာမို့ဆဲလ်တစ်တို့လည်း မောဟိုက်အောင် ထိုးဖောက်ကစားရမှာဖြစ်ပေမယ့် ဂျူဗင်တပ်စ်ရဲ့မျှော်လင့်ချက်တွေကို ဆဲလ်တစ်တို့ တစ်စစီဖွဲ့ခြွေနိုင်မလား ကြည့်ရမယ့်ပွဲပါပဲ။

ဗလင်စီယာနှင့် ပီအက်စ်ဂျီ

နှစ်သင်းစလုံးအတွက် ပွဲဦးထွက်အဖြစ် ရင်ဆိုင်တွေ့ကြပြီဖြစ်ပါတယ်။ ဗလင်စီယာဟာ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင်ကစားတတ်ပြီး ရှုံးပွဲနည်းအောင်လည်း ကစားတတ်တဲ့ အသင်းဖြစ်ပါတယ်။ ပီအက်စ်ဂျီကတော့ ချန်ပီယံလိဂ်မှာ အောင်မြင်မှုမရရှိသေးတဲ့အသင်းဖြစ်ပြီး ခြေစွမ်းထက်မြက်မှုအပိုင်းကတော့ ဗလင်စီယာ ထက်သာလွန်မှုရှိတာ အမှန်ပါပဲ။ ဘာစီလိုနာကို တစ်ဂိုးစီသရေကစားထားနိုင်ခဲ့တဲ့ ဗလင်စီယာအသင်းဟာ ဒီပွဲမှာတော့ ပီအက်စ်ဂျီကို ဘယ်လိုရလဒ်မျိုး ခွင့်ပြုရမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ရှက်တာဒိုးနက်နှင့် ဒေါ့မွန်

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်မှာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တဲ့ ရှက်တာဒိုးနက်ဟာ ဒေါ့မွန်လို ကစားအားကောင်းတဲ့အသင်းနဲ့ တွေ့ရတာဟာ ပွဲကျပ်အဖြစ် ရောက်ရှိစေခဲ့တာဖြစ်ပါတယ်။ နှစ်သင်းစလုံးတိုက်စစ်အားကောင်းတဲ့ အသင်းတွေဖြစ်တာမို့ ဂိုးတွေ အပြန်အလှန်သွင်းယူနိုင်မလားဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဒေါ့မွန်ရဲ့မှတ်တမ်းကလည်း မရဏဖုန်အုပ်စုမှာ ရှုံးပွဲမရှိ ဖြတ်သန်းနိုင်ခဲ့တာမို့ ပြိုင်ဘက်တွေ ရှိန်စေတဲ့အချက်ဖြစ်ပါတယ်။ ဒေါ့မွန်ရဲ့ ချန်ပီယံလိဂ်သမိုင်းရလဒ်ကိုကြည့်ရင် ချန်ပီယံလိဂ်ဖလားကို တစ်ကြိမ်၊ အကြိုဗိုလ်လုပွဲကို နှစ်ကြိမ်နဲ့ ကွာတားဖိုင်နယ်သုံးကြိမ် ရောက်ရှိခဲ့ဖူးတဲ့အသင်းဖြစ်တာမို့ ခြေစွမ်းပိုင်းကောင်းတဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် ရှက်တာဒိုးနက်ဟာ ဒီပွဲမှာ ပရိသတ်တွေအားကိုးနဲ့ အနိုင်ရအောင် ခြေကုန်ထုတ်ပါလိမ့်မယ်။ ရှက်တာဒိုးနက်ဟာ ချန်ပီယံလိဂ်သမိုင်းတစ်လျှောက်မှာ ဘောလုံးပွဲပေါင်း ၈၄ ပွဲ ကစားခဲ့ရာမှာ နိုင်ပွဲ ၃၇ ပွဲ၊ သရေပွဲ ၁၄ ပွဲနဲ့ ရှုံးပွဲပေါင်း ၃၃ ပွဲရှိခဲ့ပါတယ်။ ဒေါ့မွန်တို့ကတော့ ချန်ပီယံလိဂ်ပွဲပေါင်း ၈၉ ပွဲကစားပြီး နိုင်ပွဲ ၄၄ ပွဲ၊ သရေပွဲ ၁၉ ပွဲနဲ့ ရှုံးပွဲ ၂၆ ပွဲရှိခဲ့တာမို့ ဒီနှစ်သင်းရဲ့ အားပြိုင်မှုက စိတ်လှုပ်ရှားစရာ အပြည့်ရှိနေတဲ့ပွဲအဖြစ် မြင်တွေ့ရပါလိမ့်မယ်။

အားကစားသတင်း အတိုအထွာ

- ဘိုင်ယန်မြူးနစ်တောင်ပံတိုက်စစ်မှူး ရော်ဘင်က လာမည့်နွေရာသီ၌ အသင်းပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ မိမိအား အရန်ခုံတွင်ထိုင်ခိုင်းမှုကို ကြာရှည်သည်းခံနိုင်ခြင်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။
- ရီးရဲလ်မက်ဒရစ်နောက်ခံလူ ပီပီသည် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သဖြင့် ခွဲစိတ်ကုသမှုခံယူထားရာမှ သက်သာလာပြီဖြစ်ရာ လာမည့်သီတင်းပတ်၌ ပြန်လည်ကစားနိုင်တော့မည်ဖြစ်သည်။
- ဘရာဇီးလူငယ်တိုက်စစ်မှူး နေမာကို ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းက လာမည့်နွေရာသီ၌ ခေါ်ယူရန်လေ့လာစောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိသည်။
- ဒေါ့မွန်ကလပ်တိုက်စစ်မှူး လီဝမ်ဒေါစကီး ၂၄ နှစ်အား ခေါ်ယူရန် စိတ်ဝင်စားသော အသင်းများတွင် ချယ်လ်ဆီးနှင့် မန်စီးတီးအသင်းတို့လည်းပါဝင်ကြောင်း မီဒီယာများက ဖော်ပြသည်။
- အင်္ဂလန်နှင့် ဘရာဇီးအသင်းတို့ချစ်ကြည်ရေးခြေစမ်းပွဲတွင် အင်္ဂလန်ကစားသမားများ စွမ်းရည်တိုးတက်လာကြောင်း လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ခြေစွမ်းပြနိုင်မည်ဟု ယုံကြည်နေကြောင်း ရော်နယ်ဒင်ဟိုက ပြောကြားသည်။
- လက်ရှိကမ္ဘာ့ဘောလုံးလောက၌ တောင်ပံတိုက်စစ်ကို အထူးချွန်ဆုံးကစားနိုင်သူမှာ စီရိုနယ်ဒိုဖြစ်ကြောင်း ဘာစီလိုနာအသင်းနည်းပြဟောင်း ဂွါဒီယိုလာက ထုတ်ဖော်ပြောကြားသည်။
- မန်ယူအသင်းသည် လာမည့်နွေရာသီ၌ ဘောလုံးသမားလေးဦးထက်မနည်းဝယ်ယူဖြည့်ဆည်းရမည့်အနေအထားရှိကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ထုတ်ဖော်ပြောကြားသည်။
- အင်္ဂလန်အသင်းမှ အသက် ၂၁ နှစ်အရွယ် လူငယ်တိုက်စစ်မှူးဝီလ်ရှီးယားသည် ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း မန်စီးတီးနည်းပြ မန်စီနီက ထုတ်ဖော်ချီးကျူးလိုက်သည်။
- ရိုးမားအသင်းအတွက် လာမည့်နွေရာသီတွင် နည်းပြသစ်တစ်ဦးကို ခေါ်ယူရန် စီစဉ်နေကြောင်း ရိုးမားအမှုဆောင်ချုပ် ဖန်ဇီက ထုတ်ဖော်ပြောကြားသည်။
- ချယ်လ်ဆီးအသင်းသည် လူသစ်ကစားသမား ခြောက်ဦးကို လာမည့်နွေရာသီတွင် ခေါ်ယူရန် ပြင်ဆင်နေပြီး အသင်းဖွဲ့စည်းမှုကို ပြန်လည်ပြုပြင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။
- အဲဗာတန်အသင်းမှ ကွင်းလယ်ကစားသမား ဖယ်လိုင်နီအား ဘိုင်ယန်မြူးနစ်က လာမည့်နွေရာသီ၌ ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- မန်စီးတီးကစားသမား ယာယာတိုရေးက ယခုနှစ်ဘောလုံးရာသီမကုန်သေးသဖြင့် ဖလားရယူရေး ကြိုးစားမှုမှာ အဆုံးမသတ်သေးကြောင်း ထုတ်ဖော်ပြောကြားသည်။
- နာပိုလီအသင်းမှ တိုက်စစ်မှူး ကာဗာနီအား စပါးအသင်းက လာမည့်နွေရာသီတွင် ခေါ်ယူရန် ပြင်ဆင်လျက်ရှိပြီး စောင့်ကြည့်လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

မောင်ချစ်ကြည် - ရေးသားသည်

၈၄ သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁၉၈၄ခုနှစ် မြန်မာ့သစ်လုပ်ငန်း၊ လက်ထောက်မန်နေဂျာ (ရောင်း/စက်)များ၏ (၂၉)နှစ်မြောက် တွေ့ဆုံပွဲကို ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံဘုရားလမ်း၊ ကျားကူးခမ္မဗိမာန်တော်ကြီး၌ ကျင်းပပါမည်။ ကွယ်လွန်ကြပြီးသော ဆရာသမားများနှင့် သူငယ်ချင်းများကို ရည်စူး၍ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်းပြီး ကောင်းမှုကုသိုလ်များကို အတူတကွ အမျှပေးဝေလိုပါ၍ သူငယ်ချင်းများအား မိသားစုလိုက် တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။ (ဖိတ်စာ သီးခြားမပို့ပါ)

ဖြစ်မြောက်ရေးအဖွဲ့

ကားရောင်းမည်

Honda Fit GE-6

ပစ္စည်းစုံ၊ ကားသန့်

Sun roof **ပါ။**

ကျပ် ၁၃၅ သိန်း

ဖုန်း-၀၉-၅၁၆၆၅၅၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၁၅၁၃၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်တည်ရှိပြီး၊ လက်ရှိပိုင်ဆိုင် စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းလှ ၁၂/ကတန(နိုင်)၀၀၈၂၉၃ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း)ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို (စဥ်-၂၃၂၉၉) LL.B **အထက်တန်းရှေ့နေ**

ဒေါ်အိမ့်ဖြူနိုင် (စဥ်-၂၉၇၄၆) LL.B, DBL, DML **အထက်တန်းရှေ့နေ**

အာရှမြေ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ

အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

(၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်။ ခြင်းအလှခတ်ပူဇော်ပွဲကို မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးဖြင့် ဖေဖော်ဝါရီ ၁၂ရက်မှ ၂၆ရက်အထိလည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ရက်တွင် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ရက် မွန်းလွဲ ၂ နာရီတွင် ထမနဲထိုးပွဲ၊ ဖေဖော်ဝါရီ ၂၅ရက်(တပို့တွဲလပြည့်နေ့)တွင် ဆွမ်းတော်ကြီးကပ်လှူပြီး ဘုရားအမှူးပြုသော သံဃာတော်အပါး ၄၆ပါးအား ဆွမ်းဆန်စိမ်းလောင်းပြီး ၂၆ရက်တွင် တရားပွဲကျင်းပမည်။ ဖေဖော်ဝါရီ ၁၈ရက်မှစတင်ပြီး ဖေဖော်ဝါရီ ၂၅ရက်အထိ ဝတ်ရွတ်ပူဇော်ပွဲများ၊ အငြိမ့်ဇာတ်သဘင်များ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲတော်ဈေးရောင်းပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်။

အများပြည်သူ ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ရန် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများဖြင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပွဲတော်ဖြစ်မြောက်ရေးဆပ်ကော်မတီ

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူ ပျောက်ထားခြင်း

၉ခ/၄၀၀၉ Unic 4 T w 20 c Mobile Crane (6×4)R ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကာဒရ်မိုလ်ဒင် ၁၂/ပဇတ(ပြု)၀၀၀၀၃၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၁၁

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့ (၁၈) ရပ်ကွက်ရှိ ချစ်မေတ္တာ ခြင်းဝိုင်းအသင်းနေရာတွင် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၄ နာရီက မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ ကျင်းပသည်။ **(အောက်ပုံ)**

ခြင်းလုံးအစ မြန်မာကဆိုသည့် အတိုင်း တောင်ငူမြို့ ခြင်းလုံးဝါသနာရှင်များနှင့် ကေတုကလျာနွယ် (တပင်တိုင်)၊ မေသဲအိမ်(တပင်တိုင်) ခြင်းနှင့်ရွှဲမင်းသား နေသူအောင် (မန္တလေး)၊ တိုးနောင်နောင် (ရန်ကုန်)၊ နန္ဒကျော် (ဒိုက်ဦး)၊ ရွှေသို့နေမျိုးနွယ်၊ ဦးမြင့်ဆွေ (မြန်မာ့အားမာန်)၊ ဦးတင်ဝင်းလှိုင် (ခပေါင်း) စသည့် ခြင်းလုံးအသင်း ၁၇သင်းက မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးဖြင့် ခြင်းအလှခတ်ပြကြကြောင်း သိရှိရသည်။ **(၁၂၃)**

လူတစ်ယောက်တည်းက သုံးရက်အတွင်း ရွှေသုံးပိဿာခွဲ တူးဖော်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သတင်း၊ဓာတ်ပုံ-ကိုကြီးတင်

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ရွှေပညာ(ပညာဒါန) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် ၄၂/၅၀ အဆောက်အအုံပထမထပ်ရှိ အသင်းရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။

သင်တန်းဆင်း အမှာစကားကို အသင်းနာယက ဦးဘသန်း၊ ဥက္ကဋ္ဌ ဦးမျိုးမြင့်**(အပေါ်ပုံ)**၊ ဒုတိယဥက္ကဋ္ဌ ဦးဟုတ်ကြည်တို့က ပြောကြားခဲ့ပြီး အသင်းမှတာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များကို အသီးသီးပေးအပ်ကြသည်။

တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကား ပြောကြားရာတွင် "ယနေ့ ရွှေလောကအဖြစ်တွေက အလွန်ကို အံ့ဩဖို့ကောင်းပါတယ်၊ လူတစ်ယောက်တည်းက သုံးရက်အတွင်းမှာ ရွှေသုံးပိဿာခွဲခန့် တူးဖော်ရရှိသွားခဲ့ပါတယ်။ အဲဒီနေရာက အာရှကမ္ဘာမြေသတ္တုနဲ့ စက်မှုလုပ်ငန်းကုမ္ပဏီက တင်ဒါစနစ်နဲ့ တူးဖော်နေတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်အတွင်းက ရွှေမင်းတုန်းဒေသ၊ လွန်းထိုးတောင်ထိပ် မြေပုံအညွှန်း ၉၃. D. ၆. ၉၇၆၀၄၂ မှာ လက်လုပ်လက်စားတစ်ဦးဖြစ်တဲ့ ဦးသန်းဆိုသူက တူနဲ့ စို့တစ်လက်ကိုင်ပြီး မိမိလုပ်အားနဲ့ တူးဖော်ရရှိသွားခဲ့တာဖြစ်ပါတယ်" ဟု သင်တန်းဆင်းပွဲ၌ တရားဝင်ဖွင့်ပြောခဲ့ခြင်းဖြစ်သည်။

ယခင်က ယင်းတောင်၌ ဂျာမနီနိုင်ငံကုမ္ပဏီက ဆောင်ရွက်ခဲ့သည့် တွင်းဟောင်းများလည်းရှိခဲ့သည်ဟု ၄င်းက ထပ်မံပြောကြားခဲ့သည်။

သားဖွားမီးယပ်ပညာ ညီလာခံကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့၏ (၁၀)ကြိမ်မြောက် သားဖွားမီးယပ်ပညာ ညီလာခံကို ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ သားဖွားမီးယပ် အထူးကုဆရာဝန်များ တက်ရောက်ကြရန်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ စာအုပ်လှူဒါန်း

ဒလ ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်ကလေး စောင့်ရှောက်ရေးအသင်းက ကမာကဆစ် အနောက်ကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းတိုက် နွယ်နီရတနာ ဗိမာန်ကျောင်းဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒလမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်နှင့် အဖွဲ့က အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကျောင်းသားကျောင်းသူများအား ဗလာစာအုပ်ဒါဇင် ၇၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ကျောင်းတိုက်ဆရာတော်အား ပူဇော်ကန်တော့ကြပြီး ထိုကျောင်း၌ သင်ကြားပေးသော စေတနာ့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးခဲ့သည်။

အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဆရာနှစ်ဦး၊ ဆရာမ ခြောက်ဦးတို့က စေတနာထားသင်ကြားပေးနေပြီး သူငယ်တန်း ၈၃ ယောက်၊ ပထမတန်း ၆၆ယောက်၊ ဒုတိယတန်း ၆၃ ယောက်၊ တတိယတန်း ၄၉ ယောက်နှင့် စတုတ္ထတန်း ၂၄ ယောက်ရှိကာ စုစုပေါင်း ၂၈၅ ယောက် ပညာသင်ယူလျက်ရှိကြောင်း သိရှိရသည်။

သန်းဌေး-ဒလ

မူးယစ်ဆန့်ကျင်ရေးအသင်းနှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ (၁၄) ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၀၂၈၉၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသမီးများ ဝတ်ဆင်ဖို့ တစ်ခေတ်ဆန်းလာသည့် ဆေးရေးလုံချည်

စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသ ဈေးဆိပ်ရပ်တွင် အမျိုးသမီးလေးများ တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေကြသော မဟေမာန်ဦး၏ (ငွေလရောင်)လုံချည် ဆေးရေးလုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့သည်။

မဟေမာန်ဦးမှ အမျိုးသမီးဝတ်လုံချည်ပြောင်အစများကို မန္တလေးမြို့နှင့် အမရပူရမြို့ရှိ ပိုးထည်လုပ်ငန်းရှင်များအပ်နှံသော ပြောင်မဝတ်လုံချည်အစများပေါ်တွင် အန္တိုင်းလင်းဆေးဖြင့် ပန်းပုံစံအမျိုးမျိုး ရေးဆွဲကာ ကုန်ချောကို ပြန်လည်အပ်နှံပေးရသည်ဟု သိရသည်။

ပြောင် မဝတ်လုံချည် အစပေါ်တွင် ပန်းပုံစံ ဒီဇိုင်းအမျိုးမျိုးရေးဆွဲရာ၌ လုပ်ခတစ်ထည်လျှင် ငွေကျပ် ၅၀၀ ရရှိပြီး ကျောက်ဖြင့် ပန်းပုံစံဒီဇိုင်း၊ ရေးဆွဲအခအနေဖြင့် တစ်ထည်လျှင် လုပ်ခငွေကျပ် ၈၀၀ ရရှိသည်။ တစ်နေ့လျှင် တစ်ထည်ပြီးစီးသည့်အတွက် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်၍ အမျိုးသမီးငယ်ကလေးများ အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်ပြီး မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနေသော လုပ်ငန်းဖြစ်သည်။

မင်းကွန်းဒေသတွင် တစ်ခေတ်ဆန်းလာသော အမျိုးသမီးဝတ်လုံချည်ပြောင်ပေါ်တွင် ပန်းပုံစံဒီဇိုင်းရေးဆွဲသည့် လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးခန့်ရှိသည်။ ယခုအခါ အလှူမင်္ဂလာပွဲနှင့် ညှော်ခံပွဲတွင် အဆိုပါပန်းပုံစံဒီဇိုင်းရေးဆွဲထားသည့် လုံချည်များကို ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ဆင်လျက်ရှိကြောင်း တင်ပြလိုက်ရသည်။ **(၁၃၇)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ရေနန်းသာဘင်၊ ရွှေမန်းတွင် ငွေငန်းဆင်ဟောပြောပွဲ မန်းသကြၤန်ကိုချစ်မြတ်နိုးသူများ ပါဝင်ဆင်နွှဲ

မန္တလေးသကြၤန်၏ အတိတ်က စည်ကားခဲ့သော ကျော်ကြားခဲ့သည့် အဖိုးတန်ပုံရိပ်များကို လွမ်းဆွတ်တမ်းတနိုင်ရန်နှင့် လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားစာပေဆုရ ဆုငှက်က မြို့မဂုဏ်ဆောင် မြို့မတူရိယာအသင်း၊ နန်းရှေ့ဦးချို စည်တော်ကြီးအဖွဲ့နှင့် သကြၤန်ချစ်သူများ၏ ယိမ်းအဖွဲ့များဖြင့်တွဲဖက်၍ ရေနန်းသာဘင်၊ ရွှေမန်းတွင် ငွေငန်းဆင် ဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက အိုရီယမ်တယ်လ်ဟောက်စ်တွင် ကျင်းပခဲ့ရာ သကြၤန်ကိုချစ်မြတ်နိုး တန်ဖိုးထားသူများ ပါဝင်ဆင်နွှဲခဲ့သည်။

အိုရီယမ်တယ်လ်ဟောက်စ်ခန်းမရှေ့၌ ရိုးရာမပျက် အုန်းလက်များဖြင့် ဆင်ယင်ထားသော မန်းသကြၤန်ရေပက်မဏ္ဍပ်တစ်ခု ဖန်တီးထားပြီး သကြၤန်ပုံရိပ်ဖြစ်သည့် ပိတောက်ပန်းများကြားတွင် ဟောပြောပွဲခေါင်းစဉ်ကို သကြၤန်ဆိုင်းဘုတ်ကဲ့သို့ ချိတ်ဆွဲထားသည့်မြင်ကွင်းမှာ လွန်ခဲ့သော အတိတ်တစ်ခုစီက မန်းသကြၤန်သို့ တစ်ခေါက်ရောက်သွားရသလို ခံစားခဲ့ရသည်။ ဆောင်းရာသီ၏ လက်ကျန်ရက်ဖြစ်သော်လည်း မန္တလေး ဆောင်း၏အစွမ်းကြောင့် ပတ်ဝန်းကျင်တွင် အေးစက်နေသော်လည်း တက်ရောက်လာသော မန်းသကြၤန်ချစ်သူများ၏ ရင်တွင်းပီတိက နွေးထွေးနေသည်ကို ၄င်းတို့၏ မျက်လုံးအရောင်များက သက်သေခံလျက်ရှိသည်။ မန္တလေးမြို့၏ဂုဏ်ဆောင် မြို့မ တူရိယာအသင်းနှင့် နန်းတော်ရှေ့ဦးချို စည်တော်ကြီးအဖွဲ့က ခံ့ညားထည်ဝါစွာ စင်ပေါ်တွင် နေရာယူထားသည်။

အခမ်းအနားမှူးအဖြစ် စာရေးဆရာ မင်းထက်ငြိမ်းချမ်းက ဆောင်ရွက်သည်။ ဟောပြောပွဲကို ဦးဆောင်စီစဉ်ကျင်းပသည့် ဆရာဆုငှက်က မန်းသကြၤန်၏ လွမ်းဆွတ်တန်ဖိုးထားဖွယ်အကြောင်းအရာများကို ဟောပြောရင်း မြို့မ တူရိယာအသင်းက သကြၤန်သီချင်းများကို တီးမှုတ်ဖျော်ဖြေရင်း သကြၤန်ယိမ်းအကများကို ကြည့်ရှုရသည်မှာ အတိတ်ဆီက ပြည်ထောင်စုသကြၤန်၊ မန်းရာပြည့် သကြၤန်ပွဲတော်သို့ ပြန်ရောက်သည့်အလား ခံစားရင်ခုန်ခဲ့ရသည်။

မန္တလေးသတင်း လူငယ်များ၏ သံချပ်များကလည်း ပြောင်မြောက်ထိမိလှသည်။ ရတနာပုံခေတ် တော်ဝင်သကြၤန်ဆင်နွှဲပုံကလည်း ပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့သည်။ ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာသကြၤန်ပွဲတော်ကို ရိုးရာမပျက် အတိတ်ကကျော်ကြားခဲ့သော စည်ကားခဲ့သည့်အတိုင်း ပြန်လည်အသက်သွင်း ဆင်နွှဲနိုင်ရန် အားလုံးကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်နေပြီဖြစ်သည်။

(တင်မောင်)

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း မြင်းခြံမြို့နယ်တွင် တစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်

မန္တလေး ဖေဖော်ဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ACO (Investment Group) USA တို့၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းအားအကျိုးတူပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်ညနေ ၃ နာရီခွဲက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးညှိခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ACO (Investment Group) USA ၏ Managing Director &CEO Mr.Hari Achuthan က မန္တလေးတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် ACO (Investment Group) USA ၏ Managing Director & CEO Mr. Hari Achuthan တို့သည် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းကို အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် နှစ်ဦးနှစ်ဖက်သဘောတူ နားလည်မှုစာချွန်လွှာ MOU အား လက်မှတ်ရေးထိုးကြပြီးနောက် (အပေါ်ပုံ) အောင်မြင်မှုအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း ပထမအဆင့်အနေဖြင့် ၂၅၀ မဂ္ဂါဝပ်အပါအဝင် စုစုပေါင်း ၁၀၀၀ မဂ္ဂါဝပ်ကို နေရာလေးနေရာခွဲ၍ တည်ဆောက်သွားမည်ဖြစ်သည်။ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလျှပ်စစ်ဖြန့်ဖြူးမှုကွန်ရက်နှင့် ဆက်သွယ်၍ အသုံးပြုသွားမည် ဖြစ်သည်။

အဆိုပါနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဆောင်ရွက်ခြင်းဖြစ်ပြီး တစ်နှစ်အတွင်း တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

ဈေးများ မီးဘေးအန္တရာယ်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၁

ပြင်ဦးလွင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးတို့မှ ကျင်းပသော ဈေးများအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလေ့ကျင့်မှု သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၈ ရက်က ပြင်ဦးလွင် မြို့မဈေးကြီးအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းစိုးက မီးဘေးသတိပြုရေး ဖြစ်ပွားလာပါက လက်တွေ့အစီအမံများ ဈေးများအတွင်း မီးလောင်မှုဖြစ်ပွားတတ်သော အချိန်၊ သဘာဝ လက်ရှိဖြစ်ပွားတတ်သော မီးလောင်မှုများနှင့် မီးဘေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဘူးများအသုံးပြုခြင်း၊ အရေးပေါ် မီးငြိမ်းသတ်မှုများကို လက်တွေ့ သရုပ်ပြကြသည်။ ယင်းနောက် မီးသတ်ဦးစီးအရာရှိနှင့် ဈေးတာဝန်ခံများက ဈေးအတွင်း လျှပ်စစ်မီး၊ လောင်စာဆီအသုံးပြုမှု၊ မီးသတ်ကန် ရေပိုက်များ တပ်ဆင်ထားမှု၊ လျှပ်စစ်မီးသုံးစွဲမှုနှင့် ထိန်းချုပ်မှုစနစ်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)** **(၁၄၇)**

ခွင့်ပြုချက်မရှိဘဲ နွား ၄၆ ကောင် မောင်းနှင်လာသူများအား ဖမ်းဆီးအရေးယူ

ရမည်းသင်း ဖေဖော်ဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အရှေ့ဘက် ရွှေတောနယ်မြေ မိုးထိမိုးမိဒေသ နွာဘူးတောင်အနီး၌ ခွင့်ပြုချက်တစ်စုံတစ်ရာမပါဘဲ မြို့နယ်ကိုကျော်ပြီး ဖြတ်သန်းသယ်ဆောင်မောင်းနှင်လာသော နွား ၄၆ ကောင်အား နွားမောင်းသမား ၂၁ ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၁ ရက်က ဒုရဲအုပ်ချမ်းငြိမ်းသော်သည် ရွှေတောဒေသ ဝါးဖြူတောင်ရဲကင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ခရိုင်ရဲတပ်ဖွဲ့မှူး၏ ခရိုင်အတွင်း တရားမဝင် နွားများကို မောင်းနှင်လာသူများအား စောင့်ဆိုင်းဖမ်းဆီးရန် ညွှန်ကြားချက်အရ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ရဲတပ်ဖွဲ့ဝင်များကို ဦးဆောင်ကာ အသိသက်သေများဖြစ်သော ရွှေမိုးယံကုမ္ပဏီမှ လုံခြုံရေး ဦးဝင်းသိန်းနှင့် ဦးမျိုးကိုဦးတို့ ပူးပေါင်းအဖွဲ့သည် နွာဘူးတောင် တောင်ခြေအနီး တောလမ်းမှ တရားမဝင်နွားများ သယ်ယူပို့ဆောင်နေကြောင်း သတင်းအရ စောင့်ဆိုင်းခဲ့ကြရာ နွာဘူးတောင်နှင့် ရွှေမိုးယံနယ်နိမိတ်အနီးတွင် နေပြည်တော် တပ်ကုန်းမြို့နယ်မှ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် နောင်တရားမြို့သို့ သွားရောက်ပို့ဆောင် ရောင်းချရန် နွား ၄၆ ကောင်အား မောင်းနှင်လာသော လူ ၂၁ ဦးပါ အဖွဲ့ကို ၄င်းတို့ သယ်ဆောင်မောင်းနှင်လာသော နွား ၄၆ ကောင်နှင့်အတူ တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံရေးသွင်း၍ သိမ်းဆည်းပြီး တရားမဝင်နွားများ သယ်ဆောင်ရောင်းချသူ သီဟ အပါအဝင် ၂၁ ဦးတို့အား ဥပဒေအရ အရေးယူပေးပါရန် အမှုဖွင့် တိုင်ကြားလာသဖြင့် တူးကုန်းရဲတပ်ဖွဲ့မှ အမှုရေးဖွင့်ကာ ဒုရဲအုပ် သန့်ဇော်ထွေးကပင် အမှုစစ်အရာဖြင့် ဆောင်ရွက်ခဲ့သည်။

အမှုစစ်အရာရှိ ဒုရဲအုပ် သန့်ဇော်ထွေးသည် ခွင့်ပြုချက်တစ်စုံတစ်ရာမပါဘဲ နွား ၄၆ ကောင်အား မြို့နယ်ကိုကျော်ပြီးဖြတ်သန်းမောင်းနှင်လာကြသော နေပြည်တော် တပ်ကုန်းမြို့နယ် ကျောင်းရွာနေ သီဟ အပါအဝင် ၂၁ ဦးအား ရဲလုပ်ငန်းကုန်စင်အောင် စစ်ဆေးဆောင်ရွက်ပြီးပါက ဥပဒေအကြံပေးချက်နှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝ၁၁)**

နေအိမ်အတွင်းမှာ ကားမီးလောင်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၁

စစ်ကိုင်းမြို့ နန္ဒဝင်ရပ်ကွက် နယ်မြေ(၆)ရှိ နေအိမ်တစ်အိမ်တွင် ဖေဖော်ဝါရီ ၉ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က တိုယိုတာ ဒိုင်နာ ၁ခ/---ကားတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြ၍ ပတ်ဝန်းကျင်နေအိမ်များ မီးကူးစက်မှုမရှိခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၁)ရဲစခန်းမှ တာဝန်ရှိသူများက အရေးယူနိုင်ရန် စစ်ဆေးလျက်ရှိသည်။ **(၁၄၀)**

အများသိစေရန်ကြေညာချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့၊ တောင်ဖီလာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊နယ်မြေ(၅)၊ အိမ်အမှတ် (၉)၊ ဦးငင်ကျင်ထန်၊ ဒေါ်ဒင်ခိုကျင်းတို့၏ သားသမီးများဖြစ်ကြသော ဦးထန်ရှင်းဇမ် ကေအယ်အို-၀၈၁၄၃၃၊ ဒေါ်ကမ်ဒိုဂုန် ၁၃/မယက(နိုင်)၀၀၂၇၂၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးငင်ကျင်ထန်နှင့် ဒေါ်ဒင်ခိုကျင်းတို့တွင် ဦးခမ်ဒိုထန်၊ ဒေါ်လွှမ်ခင်ငွေ့၊ ဒေါ်အွဲရှင်းဒိမ်း၊ ဒေါ်ကမ်ဒိုဂုန်၊ ဦးထန်ဒွတ်ပေါင်၊ဦးထန်ရှင်းဇမ်၊ ဦးကျင့်ပုမ်း၊ ဒေါ်ငိုဇင့်ဒိမ်း၊ ဦးထန်ဒေါင့်ဆိုသည့် သားသမီးကိုးဦးမွေးဖွားခဲ့ပါသည်။ ဖခင် ဦးငင်ကျင်ထန်သည် ၂၈-၁၂-၁၉၇၁ရက်က လည်းကောင်း၊ မိခင် ဒေါ်ဒင်ခိုကျင်းသည် ၆-၉-၂၀၀၇ ရက်ကလည်းကောင်း ကွယ်လွန်သွားကြရာတွင် ကလေးမြို့၊ တောင်ဖီလာရပ်ကွက်၊ နယ်မြေ(၅)၊ အိမ်အမှတ် (၉)၊ အကွက်အမှတ် ၃၊ ဦးပိုင်အမှတ် (၃၇)၊ ဧရိယာ ၀ ဒသမ ၁၁၈ဧကရှိ ဝင်းမြေကွက်နှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံတစ်လုံး ကျန်ရစ်ခဲ့ပါသည်။

အဆိုပါ ဝင်းမြေနှင့် အဆောက်အအုံသည် ဦးငင်ကျင်ထန်နှင့် ဒေါ်ဒင်ခိုကျင်းတို့မှ မွေးဖွားသော သားသမီးကိုးဦးပိုင်ဖြစ်၍ ညီအစ်ကိုမောင်နှမကိုးဦး၏ သဘောဆန္ဒမပါဘဲ တစ်ဦးတစ်ယောက်တည်း၏ သဘောဆန္ဒဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ပေးကမ်းခြင်း၊လှူဒါန်းခြင်း၊ တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ အထက်ပါတားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမြင့်စိုး
အထက်တန်းရှေ့နေ (စဉ်-၁၉၃၈၅)
တောင်ဇလပ်ရပ်ကွက်၊ ကလေးမြို့

BIS Bharadwaj International School

သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် ၁၂၁ နေ ဒေါ်ရင်မြင့် ISN-၁၃၃၂၀၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ကစာနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် ၁၁၇ အိမ်နှင့်မြေသည် (ကွယ်လွန်သူ)ဖခင် ဦးမောင်စိန် ကျန်ရစ်ခဲ့သော ကျွန်ုပ်၏မိတ်ဆွေရပိုင်ခွင့်ရှိသော အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမွေဆက်ခံပိုင်ရေးပိုင်ခွင့်ရှိသူ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူဆန္ဒမပါဘဲ အိမ်အားဖြိုဖျက်ခြင်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ တခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများကို ခွင့်မပြုပါကြောင်း ကန့်ကွက်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ရင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သဇင်မြတ်မြတ်ဝင်း(LL.B, D.B.L) အထက်တန်းရှေ့နေ
တိုက် ၂၆(ပထမထပ်)၊ သမာဓိ ၄လမ်း၊ (ဆ/က)ရပ်ကွက်၊
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁)၊နဝမတန်း(F)မှမလင်းလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမျိုးလှဦး ၅/ကလထ (နိုင်)၀၆၁၂၉၂ ဖြစ်ပါကြောင်း။

ဦးမျိုးလှဦး ၅/ကလထ(နိုင်)၀၆၁၂၉၂

အမည်ပြောင်း

မွန်ပြည်နယ်၊ လမိုင်းမြို့နယ်ခွဲ၊ အမှတ် ၂၃၄၊ မြို့မ(၃)ရပ်ကွက်၊ မေတ္တာလမ်းနေ ဦးအောင်နိုင်လင်း ၁၀/ရမန(နိုင်)၁၁၅၈၄၅ ၏သမီး မနိုနိုမေဆက်မှ အမည်မှန်မလဝန်းမိုရ်အဖြစ် ခေါ်ပါရန်။ **လဝန်းမိုရ်**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ သမာဓိ (၄)လမ်း၊ အမှတ် ၁၄၊ ပထမထပ်(ဘယ်)၊ ကန်ထရိုက်တာ ဒေါ်အိအိချော ၁၂/သဃက(နိုင်)၀၃၇၄၄၆ ပိုင်ဆိုင်သော တိုက်ခန်းကို ဒေါ်ဝင်းဝင်းသန်း ၁၂/တမန(နိုင်)၀၃၈၄၈၁သည် ငွေကြေးအကျေချေပြီး အပြီးအပိုင်ဝယ်ယူထားခြင်း ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းသန်း
၁၂/တမန(နိုင်)၀၃၈၄၈၁
ဖုန်း-၀၉-၇၃၀၃၃၂၁၀

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ (၄)လမ်း၊ အမှတ်၁၄၊ မြေညီထပ်ခြေရင်း(ဘယ်)၊ ကန်ထရိုက်တာ ဒေါ်အိအိချော ၁၂/သဃက (နိုင်) ၀၃၇၄၄၆ ပိုင်ဆိုင်သော တိုက်ခန်းကို ဒေါ်သင်းသင်းနိုင် ၁၂/အစန(နိုင်) ၁၀၅၁၇၂သည် ငွေကြေးအပြီးအပိုင်ချေပြီး ယူထားခြင်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းနိုင်
၁၂/အစန(နိုင်)၁၀၅၁၇၂
ဖုန်း-၀၉-၅၀၆၂၀၂၀

ကြော်ငြာ

မွေးနေ့ဆုတောင်း

ဦးဇော်ဝင်း (လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ ၁၂-၂-၂၀၁၃ရက် (ပြည်ထောင်စုနေ့)တွင် ကျရောက်သော (၆၇)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ကျန်းမာ ပျော်ရွှင်လျက် မိသားစုနှင့်အတူ ကုသိုလ်ကောင်းမှုများပြုလုပ်နိုင်ပါစေ-

ချစ်ဇနီး - ဒေါ်ခင်ခင်တိုး(အထက-၃၊ ပဲခူး၊ ငြိမ်း)
ချစ်သား - ရန်နောင်ဝင်း(ပဲခူးစည်ပင်)-မေမျိုးဝင်း
ချစ်သမီးများ - သီရိဝင်း (AFXB)
- ကျော်ဇေယျ (Proximity Designs)- ဝေဝေဝင်း (AFXB)
ချစ်မြေးများ - ဖိုးမူ၊ ဒါဒါ၊ ဂုတိ

ရွှေထီးတော်နှင့် စိန်ဖူးတော်လှည့်လည်အပူဇော်ခံခြင်းနှင့် ရင်ငွေ့တော်ခိုလှုံခြင်း ကြော်ငြာစာ

မဟာမြိုင်တော၊ ဒီပါအေးမြကုန်းတော်ပေါ်၌ ၁၀၈တောင်အမြင့်ဆောင် သာသနာထွန်းခေါင် လေးကျွန်းရန်အောင် စေတီတော်မြတ်ကြီးတွင် တည်ထားတင်လှူပူဇော်မည့် ရွှေထီးတော်ကြီးနှင့် စိန်ဖူးတော်ကြီးအား မန္တလေး မဟာမြတ်မုနိဘုရားကြီး၌ ၅-၂-၂၀၁၃ရက်အထိ ရင်ငွေ့တော်ခိုလှုံခဲ့ပြီး ယခုအခါ နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်ကြီး၌ ရင်ငွေ့တော်ခိုလှုံ အပူဇော်ခံနေပါကြောင်းနှင့် ဆက်လက်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရင်ငွေ့တော်ခိုလှုံမည်ဖြစ်ပါကြောင်း ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမအပေါင်း ဝိုင်းဝန်းပါဝင် ကုသိုလ်ယူနိုင်ကြပါစေရန် အသိပေးကြေညာအပ်ပါသည်။

ဆရာတော်ဦးပညာဇောတ (သဲဖြူတောရ)
စေတီတော်တည်ဆောက်ရေးနာယက
မဟာမြိုင်တော၊ ကလေးခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး

အထက (၁)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

